စိတ်ကူးချိုချိုအနုပညာ
mgyoe.com


# အမျိုးသမီးနှင့် အိမ်ထောင်ရေး ပြဿနာများ

ပုညလေပြေ



mgyoe.com

mgyoe.com



# အမျိုးသမီးနှင့် အိမ်ထောင်ရေး ပြဿနာများ

မုညလေမြေ

mlp0013
2500.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၀၀၀ · ၀၃

အမျိုးသမီးနှင့်အိမ်ထောင်ရေးပြဿနာများ
ပုညလေပြေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
စာမျက်နှာ ၂၁၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) အမျိုးသမီးနှင့်အိမ်ထောင်ရေးပြဿနာများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အမျိုးသမီးနှင့် အိမ်ထောင်ရေးပြဿနာများ

# ပုညလေပြေ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဆက်ဆံဖော်များသူ ၁

၂။ အနှိပ်စက်ခံ အိမ်ထောင်သည်အမျိုးသမီးများ ၁၂

၃။ ယောကျ်ားထံမှ အိတ်ချုံအိုင်ဗွီကူးစက်ခံရသော
အိမ်ထောင်သည်အမျိုးသမီး ၃၈

၄။ အိမ်ထောင်ရေးကို စိတ်မဝင်စား
မိခင်စိတ်မထားတတ်သော အမျိုးသမီး ၆၃

၅။ ကိုယ့်ကို ချစ်မြတ်နိုးပြီး နားလည်ပေးနိုင်သူကို
အိမ်ထောင်ဖက်ရွေးချယ်လိုက်ချင်တယ် ၇၁

၆။ ကောက်ရိုးမီးနှင့်တူသောအချစ်
စိတ်ညစ်ရသော အိမ်ထောင်ရေး ၈၅

၇။ ဖက်တီးပုတ် ဝတုတ်ကြီးဘဝ သမီးမဖြစ်ပါရစေနှင့် ၉၆

၈။ မာကျောခက်ထန် ဒေါသလျှံ အာဃာတတွေလည်း ထားမိပြန် ၁၀၈

၉။ ကလေးတွေရဲ့အားကစားကိစ္စ မိဘတွေက ဝင်ပါရေး မပါရေး ၁၂၅

၁၀။ လူပျိုပေါက်တစ်ယောက်နှင့် သူ၏မိခင်တို့အကြောင်း ၁၃၄

၁၁။ အိမ်မကပ်တဲ့ယောကျ်ားနဲ့ စိတ်ဓာတ်ကျနေတဲ့ဇနီးသည် ၁၄၄

၁၂။ ဝစီပိတ်ကျင့်တဲ့ဇနီးသည်နဲ့ အလုပ်ရှုပ်နေတတ်တဲ့ယောကျ်ား ၁၆၃

၁၃။ အလုပ်စွဲရောဂါ၊ အလုပ်တွေလျှော့ပါ နားနားနေနေ နေပါတဲ့ရှင် ၁၈၀

၁၄။ စကားနည်းပြီး မျက်နှာကြောတင်းသော ကလေးများ ၁၉၀

၁၅။ မကြာခဏ စိတ်ဓာတ်တွေကျကျနေသူလေး ၂၀၀

၁၆။ သားလေးက တစ်ဇွတ်ထိုးသမားလေးလား ၂၁၅


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆက်ဆံဖော်များသူ

**ယောကျ်ားမိန်းမ မကင်းနိုင်ကြတဲ့ သံဝါသကိစ္စ**

ဆက်ဆံဖော်များသူဆိုတာ ဆက်ဆံဖော်များသူယောကျ်ား၊ ဆက်ဆံဖော်များသူ မိန်းမတို့ကို ရည်ညွှန်းပါတယ်။ ဆက်ဆံဖော်များသူနှင့် ဆက်ဆံသူဆိုတာ ဆက်ဆံဖော်များသူ ယောကျ်ားနှင့် ဆက်ဆံသူ မိန်းမ၊ ဆက်ဆံဖော်များသူ မိန်းမနှင့် ဆက်ဆံမိသူ ယောကျ်ားတို့ကို ရည်ညွှန်းပါတယ်။

ဒီတော့ ခေါင်းစဉ်အရ ယောကျ်ား မိန်းမ သံဝါသပြုကြတဲ့အခါ ရနိုင်တဲ့ ရောဂါပိုးတစ်မျိုးအကြောင်း ရေးမှာပါ။ သံဝါသကိစ္စဖြစ်တဲ့အတွက် အိမ်ထောင်ရှင်ယောကျ်ား မိန်းမတို့ အကျုံးဝင်ပါတယ်။ အိမ်ထောင်ရှင်မဟုတ်သော ယောကျ်ားမိန်းမတို့လည်း အကျုံးဝင်ပါတယ်။ လူပျိုလူလွတ် လူလတ် အမျိုးသား၊ အမျိုးသမီးများလည်း အကျုံးဝင်ပါတယ်။ ငယ်ရွယ်သူ ယောကျ်ားလေး၊ မိန်းကလေးတွေလည်း ပါဝင်ပါတယ်။ ယုတ်စွအဆုံး အပျို၊ လူပျိုဖော်ဝင်စတွေလည်း ပါဝင်ပါတယ်။

အကြမ်းဖျင်းအားဖြင့်တော့ လိင်ဆက်ဆံမှုကြောင့်တစ်ဆင့် ကူးစက်တဲ့ရောဂါတွေထဲမှာ ကာလသားရောဂါဟာ လူသိများထင်ရှားပါတယ်။ ကာလသားရောဂါ အများအပြားရှိပါတယ်။ ကာလသားရောဂါတွေလို့ ပြောလိုက်ရင် ဂနိုရောဂါ၊ ဆီးပူညောင်းကျရောဂါ၊ လိင်အင်္ဂါရေယုန်ရောဂါ၊

mgyoe.com

mgyoe.com
လိင်အင်္ဂါကြွက်နို့ရောဂါ စသဖြင့် သိကြပါတယ်။ အဲဒီအထဲမှာ အခု တင်ပြချင်တဲ့ ကလာမိုင်ဒီးယားရောဂါလည်း ပါဝင်ပါတယ်။

ကနေ့ခေတ်ဟာ မြို့ကြီးပြကြီးတွေမှာ ယောကျ်ားတွေ၊ မိန်းမတွေ တချို့တချို့ပေါ့လေ လိင်ကိစ္စမှာ နည်းနည်းပိုပြီး ပွင့်လင်းလာနေကြသလားလို့ထင်မိပါတယ်။ ရောဂါတွေလည်း ရကြပေါ့လေ။ အခုကမ္ဘာပေါ်မှာ ဆေးမတိုးတဲ့ ကာလသားရောဂါပိုးတစ်မျိုး ပေါ်နေတယ်လို့လည်း အင်တာနက်သတင်းအရ သိရပါတယ်။ အဲဒီပိုး မြန်မာပြည်ကိုရောက်နေသလား။ ကူးစက်ခံရနေသလားဆိုတာ မသိရသေးပါဘူး။

ဘာပဲဖြစ်ဖြစ် လူသားတွေဆိုတော့ အချိန်တန်အရွယ်ရောက်ရင် အိမ်ထောင်သားမွေးကိစ္စဆိုတဲ့ ဘူတာကို ဆိုက်ကြတော့မှာပါ။ ဒီဘူတာမဆိုက်ခင်ကတည်းက တချို့သောသူတွေက သံဝါသကိစ္စတွေကို မြည်းစမ်းကြည့်ပြီး နေကြတာလည်း ရှိပါတယ်။ တချို့အိမ်ထောင်မပြုနိုင်ကြသေးဘဲ လွတ်လပ်စွာအတူနေထိုင်ပြီး သွေးသားဆန္ဒဖြည့်ဆည်းနေကြတဲ့ စုံတွဲတွေလည်း များပြားလာပါတယ်။ ဒီသွေးသားဆန္ဒကိစ္စတွေကို သဘာဝကိစ္စလို့ပြောပြီး ရှောင်ထွက်သွားလို့ရပါသလား၊ ဒါမှမဟုတ် ဖြစ်ကာမှဖြစ်ရောလို့ ပေါ့ပေါ့သဘောထားလိုက်ရင်ရော ပြီးသွားပါသလား။ ဆေးကုရင် ရတာပဲလေဆိုပြီးတော့။

ဒီတော့ အိမ်ထောင်ပြုသည်ဖြစ်စေ၊ အိမ်ထောင်မပြုသေးဘဲနေကြသည်ဖြစ်စေ၊ အိမ်ထောင်ရှင်စစ်စစ်ကြီးတွေပဲဖြစ်စေ၊ အပျို၊ လူပျိုကလေးတွေအပါအဝင် လူတွေနဲ့မကင်းနိုင်တဲ့ သံဝါသကိစ္စကြောင့် မတော်တဆ ဖြစ်ပေါ်လာနိုင်တဲ့ လိင်ဆက်ဆံခြင်းမှတစ်ဆင့်ကူးစက်တတ်သော ကလာမိုင်ဒီးယားရောဂါအကြောင်းကိုတော့ အကြမ်းဖျင်းသဘော သိထားကြရင် ကောင်းပါလိမ့်မယ်။

ဒါ့ကြောင့် ဆရာမကြီးဒေါက်တာ ဒေါ်လှဲ့လှဲ့ဝင်း ပြောပြတဲ့ မြင့်မြင့်အကြောင်းကို အခြေခံပြီး တစ်ဆင့်ပြန်လည်တင်ပြပါတော့မယ်။

**မြင့်မြင့်အကြောင်း လေ့လာခြင်း**

မြင့်မြင့်ဆိုတာ အသက် ၂၉ နှစ်အရွယ်ရှိ အိမ်ထောင်သည် မိန်းကလေး

mgyoe.com

mgyee.com


ပါ။ သူ့ခင်ပွန်းက လစာနည်းတယ်ထင်ပါရဲ့။ ခင်ပွန်းလစာနဲ့ မလောက်င လို့ ဖြည့်တင်းတဲ့အနေနဲ့ မြင့်မြင့်တစ်ယောက် အရောင်းအဝယ်လုပ်ငန်း တစ်ခုလုပ်ရပါတယ်။

တစ်နေ့မှာ မြင့်မြင့်ဟာ သူ့ကိုယ်သူ တစ်ခုခုတော့ထူးနေပြီလို့ စိတ်ထဲ မှာခံစားရပြီး သံသယဝင်နေပါတယ်။ မြင့်မြင့်ကိုယ်တိုင် ထူးတယ်လို့ ထင် နေရတဲ့ကိစ္စက သူ့မှာ ယောနိထွက်ရည် အများအပြားဆင်းနေတဲ့ကိစ္စပါ။ ဒီလက္ခဏာစပြီး ခံစားနေခဲ့ရတာ တစ်လလောက်ကြာတဲ့အခါမှာတော့ အခြေ အနေဟာ ပိုဆိုးလာပါတယ်။ ပိုဆိုးလာတာတွေက–

ဝမ်းဗိုက်တစ်ဖက်မှာ နာကျင်တဲ့ဝေဒနာ ခံစားလာရပြီး နာကျင်မှုက အပေါ်ဘက်ကို ရွေ့တက်သွားပါတယ်။ ဝမ်းဗိုက်အခြားတစ်ဖက်မှာလည်း အဲဒီလိုပဲ ခံစားလာရပါတယ်။

မကြာခင်မှာ ဆီးသွားတဲ့အခါ နာကျင်တဲ့ဝေဒနာခံစားလာရပါတယ်။ ဆီးသွားရင်နာကျင်တဲ့အပြင် ပူစပ်ပူလောင်လည်းဖြစ်လာပါတယ်။

ဒီတော့ မြင့်မြင့်မခံစားနိုင်တော့ဘဲ ဆရာဝန်ဆီပြေးပြရပါတော့တယ်။ ဆရာဝန်စစ်ဆေးချက်အရ ပိုးဝင်ရောက်ကူးစက်ခြင်းကို မတွေ့ရသေးပါ ဘူး။ ကိုယ်ခန္ဓာ စမ်းသပ်စစ်ဆေးချက်အရလည်း ကြီးကျယ်တဲ့ ချို့ယွင်း ချက်ရယ်လို့ ဘာမှမတွေ့ရပါဘူး။ ဒီလိုနဲ့ ဟိုဆေးဒီဆေးလေးသောက်ပြီး နေလာလိုက်တာ ခြောက်လလောက် ကြာသွားပါတယ်။

ခြောက်လကြာပြီးတဲ့နောက်မှာ မြင့်မြင့်တစ်ယောက် မကြာခဏ ဖျား နေပါတော့တယ်။ အဖျားဝင်နေတာ အဆက်မပြတ်လိုဖြစ်နေပြီး ဝမ်းဗိုက် ထဲက နာကျင်ခြင်းနဲ့ ဆီးအောင့်ခြင်းတွေလည်း ထပ်ခါထပ်ခါ ဖြစ်နေပါ တယ်။ ဒါနဲ့ ဆေးပညာရှင်နဲ့ ရောဂါသေသေချာချာရှာဖွေရပါတော့တယ်။

ဒီတော့ မြင့်မြင့်ရဲ့ရောဂါက လိင်ဆက်ဆံခြင်းကြောင့် ကူးစက်ပြန့် ပွားတဲ့ရောဂါကို မကုသဘဲထားလို့ဖြစ်ရတဲ့ တင်ပါးဆုံရောင်ရမ်းခြင်းရောဂါ (PID) ဖြစ်နေပါတယ်။ လိင်ဆက်ဆံခြင်းကြောင့် ကူးစက်ပြန့်ပွားလာ တဲ့ရောဂါကို ဆေးကုသခြင်းမရှိတဲ့အတွက် မျိုးပွားလမ်းကြောင်းကို ကူး စက်ရောင်ရမ်းလာခြင်းဖြစ်ပါတယ်။ လိင်ဆက်ဆံခြင်းကြောင့် ပိုးဝင်ရောက် ကူးစက်ခြင်းဖြစ်တတ်စေတဲ့ ပိုးကတော့ အများအားဖြင့် ကလာမိုင်ဒီးယား

mgyee.com

mgyoe.com


ဘက်တီးရီးယားပိုးကြောင့်ပဲ ဖြစ်ပါတော့တယ်။

**ကလေးမရစေနိုင်သော ကလာမိုင်ဒီးယား**

ကလာမိုင်ဒီးယားဟာ ဘက်တီးရီးယားပိုးတစ်မျိုးပါ။ အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်းကြောင့် ရနိုင်တဲ့ရောဂါတစ်မျိုးဖြစ်ပါတယ်။ အဲဒီ ကလာမိုင်ဒီးယားဘက်တီးရီးယားပိုး ကူးစက်ခံရတာကို ဆေးကုပြီး ပျောက်သွားနိုင်ပေမယ့် အကျိုးဆက်အဖြစ် ကူးစက်ခံရတဲ့အမျိုးသမီးတွေမှာ ကလေးမရနိုင်တဲ့ ဆိုးကျိုးကို ခံစားရနိုင်ပါတယ်။

ဆရာမကြီးပြောပြတဲ့ သူ့လူနာ မြင့်မြင့်ဟာ လိင်ဆက်ဆံမှုကြောင့် ကလာမိုင်ဒီးယား ဘက်တီးရီးယားပိုး ကူးစက်ခံနေရတယ်ဆိုတာကို မသိခဲ့ပါဘူး။ အဲဒီ ဘက်တီးရီးယားပိုးဟာ မျိုးပွားအင်္ဂါစုတွေကို ထိခိုက်ပျက်စီးသွားစေနိုင်တယ်ဆိုတာ မြင့်မြင့်တစ်ယောက် နောင်မှ သိရပါတော့တယ်။ အဲဒီဘက်တီးရီးယားပိုးကြောင့် မျိုးပွားအင်္ဂါစုတွေကို ထိခိုက်ပျက်စီးသွားစေနိုင်တဲ့အပြင် ဆေးကုသလို့ လူနာရောဂါပျောက်ကင်းသွားပေမယ့် မျိုးပွားအင်္ဂါစုတွေ ထိခိုက်ပျက်စီးသွားတာကိုတော့ ပြန်လည်ကောင်းမွန်လာအောင် မစွမ်းဆောင်နိုင်တော့ပါဘူး။

အဲဒီအတွက် မြင့်မြင့်တစ်ယောက် ကလေးမရနိုင်တော့ဘူးလားဆိုပြီး စိုးရိမ်စိတ်တွေ ဝင်နေတယ်လို့ ဆရာမကြီးက ပြောပါတယ်။ မြင့်မြင့်ဟာ အိမ်ထောင်သက် နှစ်နှစ်ရှိပြီး လောလောဆယ် ကလေးမယူချင်သေးလို့ ပဋိသန္ဓေတားဆေးတွေ စားနေသူဖြစ်ပါတယ်တဲ့။

အဲဒီပိုးနဲ့ပတ်သက်ပြီး ဆရာမကြီး ဆက်လက်ရှင်းပြထားတာတွေကို လည်း ဗဟုသုတအလို့ငှာ ကောက်နုတ်တင်ပြပါဦးမယ်။

"လိင်ဆက်ဆံခြင်းကြောင့် ဘက်တီးရီးယားပိုး ဝင်ရောက်ကူးစက်ရရှိသော ရောဂါများတွင် အမေရိကန်၌ အဖြစ်အများဆုံး ကလာမိုင်ဒီးယား ဘက်တီးရီးယားပင်ဖြစ်သည်။ နှစ်စဉ်လေးသန်းသော လူနာအသစ်များ တွေ့နေရသည်။ ယင်းဘက်တီးရီးယားကြောင့် တင်ပါးဆုံရောင်ရမ်းခြင်း ရောဂါ (PID) ဖြစ်ပွားမှုမှာ ၃၀ မှ ၄၀ ရာခိုင်နှုန်းရှိသည်။ အောက်ပါ အခြေအနေများဖြစ်ပွားလာနိုင်ရန် ကလာမိုင်ဒီးယား ကူးစက်ခြင်းက ဦး

mgyoe.com

ဆောင်နေကြောင်း တွေ့ရသည်။

- ❑ ကလေးမရနိုင်ခြင်း၊ မြုံနေခြင်း၊
- ❑ မျိုးဥပြွန်တွင် သန္ဓေတည်ခြင်း၊
- ❑ တစ်သျှူးမျက်နှာပြင် တစ်ခုနှင့်တစ်ခု ကပ်သွားခြင်းကြောင့် ဖြစ်သော နာကျင်သည့်အမာရွတ်များ ဗိုက်အတွင်းဖြစ်ခြင်း၊ (Adhesinos)၊
- ❑ ဆေးကုသမှုပေးပြီးသော်လည်း တင်ပါးဆုံရောင်ရမ်းခြင်းရောဂါကြောင့် မျိုးပွားအင်္ဂါလမ်းကြောင်းတွင်ရရှိသွားသည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှာ ၂၀ ရာခိုင်နှုန်းသောလူနာများ၏ ဘဝတစ်လျှောက်လုံးတွင် နာကျင်သော ဝေဒနာကိုခံစားနေကြရမည် ဖြစ်သည်။"

ဆရာမကြီးဟာ သူ့လူနာမြင့်မြင့်အကြောင်း ထပ်ပြောပါသေးတယ်။ မြင့်မြင့်ဟာ ပထမအကြိမ်စမ်းသပ်တဲ့အခါ ပိုးမတွေ့ရဘူးလို့ ဆိုပါတယ်။

"မြင့်မြင့်ကို စမ်းသပ်သော ဆရာဝန်သည် ကလာမိုင်ဒီးယားအတွက် ပိုးမွေးကြည့်ခဲ့သော်လည်း ပထမအကြိမ်တွင် ပိုးမတွေ့ခဲ့ပေ။ နောက်ပိုင်း ပိုးမွေးကြည့်ရာမှသာ ကလာမိုင်းဒီးယား ဘက်တီးရီးယားပိုးကို တွေ့ရှိခြင်းဖြစ်သည်။ ပိုးမတွေ့ရဟူသော မှားသည့်စစ်ဆေးချက် (False Negative Test) ဖြစ်တတ်လေ့ရှိသည်။ စစ်ဆေးမှုအသစ်များအရ တိကျသော အဖြေကို ရရှိနိုင်ပေသည်။

မြင့်မြင့်သည် လပေါင်းများစွာသက်သာသောလက္ခဏာ ရှိနေသော်လည်း လုံးဝလက္ခဏာမပြတတ်ကြပေ။ ထို့ကြောင့် ကလာမိုင်းဒီးယားကူးစက်ခြင်းသည် တိတ်ဆိတ်ငြိမ်သက်နေသော ရောဂါဖြစ်သည်။ အမျိုးသမီးများသည် တစ်ခုခုမှားနေကြောင်း မသိနိုင်မီ ပြုပြင်၍မရနိုင်သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ရနေပြီဖြစ်သည်။ တင်ပါးဆုံရိုးအတွင်း စမ်းသပ်စစ်ဆေးမှုအတွက် ဆရာဝန်ထံ နှစ်စဉ်လာရောက်ပြသကြသော အမျိုးသမီးများ၌ အောက်ပါလက္ခဏာရှိမှသာလျှင် ဆရာဝန်အများစုသည် ကလာမိုင်ဒီးယားအတွက် စစ်ဆေးခြင်းကို ပြုလုပ်ကြသည်။

mgyoe.com

mgtoe.com


- ယောနိထွက်ရည် အဆင်းများခြင်း၊
- ဗိုက်နာကျင်ခြင်း၊
- ဆီးသွားရာတွင် နာကျင်ခြင်းနှင့် ပူစပ်ပူလောင်ဖြစ်ခြင်း၊
- သားအိမ်လည်တံအပေါက်ဝတွင် ပြည်တွေ့ခြင်း၊ သို့မဟုတ် သားအိမ်လည်တံကို ထိတွေ့ခြင်းဖြင့် ပြင်းထန်သော နာကျင်မှု ဝေဒနာ ခံစားရခြင်းတို့ဖြစ်သည်။

ကလာမိုင်ဒီးယား ကူးစက်ခံရခြင်းနှင့် ဆက်ဆံခြင်းကြောင့် အခြား ကူးစက်ရရှိနိုင်သော ရောဂါများဖြစ်စေနိုင်သည့် ဘေးအန္တရာယ် ဖြစ်စေသောအချက်များမှာ –

- ဆက်ဆံဖော်များခြင်း၊
- ဆက်ဆံသော အဖော်များသူနှင့် ဆက်ဆံခြင်း၊
- ဆက်ဆံရာတွင် အကာအကွယ်မယူခြင်း၊ (အမျိုးသားကွန်ဒုံး၊ အမျိုးသမီးကွန်ဒုံးမသုံးခြင်း)
- ငယ်ရွယ်သည့်အသက်ပိုင်းတွင် လိင်စိတ်တက်ကြွနေခြင်း၊
- ဆက်ဆံခြင်းကြောင့် အခြားကူးစက်ရောဂါ ယခင်ကရဖူးခြင်း၊ သို့မဟုတ် ယခု ရရှိခံစားနေရခြင်း၊
- အသက် ၂၀ အောက်တွင် လူငယ်လူရွယ်ဖြစ်နေခြင်း။

ဒီအချက်ဟာ အမျိုးသမီးများ သတိချပ်မှတ်စရာများဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ကလာမိုင်ဒီးယားကူးစက်ခြင်းမှ ကာကွယ်ခြင်း**

အမေရိကန်နိုင်ငံလို ဖွံ့ဖြိုးတိုးတက်မှုလွန်ကဲနေတဲ့ နိုင်ငံတွေမှာ လိင်ကိစ္စဆိုတာ ထမင်းစားရေသောက်လို သဘောထားကြတယ်။ သူတို့ရဲ့ အပျိုစင်ဘဝဆိုတာ အချိန်တိုတောင်းကြပါတယ်။ တချို့ ယဉ်ကျေးမှု ထိန်းသိမ်းလိုက်နာကြသူတွေလည်း ရှိပါတယ်။ အရွယ်မရောက်သေးခင် မိမိတို့ ခန္ဓာကိုယ်ကို တန်းဖိုးထားကြပါတယ်။ ဘုရားကျောင်းမှာ တရားဝင် လက်မထပ်မပြီးမချင်း အတူနေထိုင်ခြင်းကို ရှောင်ကြဉ်ကြတဲ့သူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ လူငယ်ဆယ်ကျော်သက်အများစုကတော့ စမ်းသပ်ချင်တဲ့

mgyoe.com

mgyee.com


စိတ်နဲ့ သူတို့အပျိုစင်ဘဝကို စောစောစီးစီးစွန့်လွှတ်လိုက်ရတာတွေရှိပါတယ်။

အဲဒီလို အမေရိကန်နိုင်ငံလို ဖွံ့ဖြိုးမှုလွန်ကဲတဲ့ နိုင်ငံတွေရဲ့ ဆယ်ကျော်သက်များနဲ့ အရွယ်ရောက်ပြီးလူငယ်တွေမှာ ကလာမိုင်းဒီးယားကူး စက်မှု အများဆုံးတွေ့ရတယ်လို့ သုတေသနပြုချက်တွေက ဖော်ပြနေပါတယ်။

ဆယ်ကျော်သက်အရွယ်ဆိုတာ ဟော်မုန်းဖွံ့ဖြိုးမှု အားကောင်းတဲ့အရွယ် ဆိုတော့ လိင်ကိစ္စတက်ကြွတဲ့ အရွယ်မျိုးပါ။ လိင်ကိစ္စဟာ သဘာဝအရ တက်ကြွနေစဉ်မှာ လက်တွေ့စမ်းသပ်ကြည့်ချင်တဲ့ စူးစမ်းစိတ်နဲ့ ပေါင်းစပ်သွားတဲ့အခါ ကာမစပ်ယှက်ခြင်းအမှု ပြုမိသွားတတ်ကြပါတယ်။ အဲဒီအရွယ် ဆယ်ကျော်သက်မိန်းကလေး ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းဟာ ကလာမိုင် ဒီးယားကူးစက်ပြန့်ပွားနေတာတွေ့ရတာကြောင့် လေ့လာ ဆန်းစစ်ချက်တွေ က ဖော်ပြနေပါတယ်။

အဲဒီအရွယ်ဟာလည်း ဒီကလာမိုင်ဒီးယား ဘက်တီးရီးယားပိုးကူးစက် နိုင်စွမ်းအားမပြည့်စုံဘဲ အင်အားနည်းပါးနေသေးတဲ့အတွက် ကူးစက်မှု လွယ်ကူရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ ဆယ်ကျော်သက်တွေမှာ ၁၀၀ မှာ ဦးရေ ၄၀ လောက်ဖြစ်နေတယ်ဆိုတာ ဒီကိန်းဂဏန်းဟာ စိုးရိမ်စရာ ဖြစ်နေပါတယ်။ ဆယ်ကျော်သက်မိန်းကလေးတစ်ဝက်နီးပါးက လိင်ဆက် ဆံခဲ့ကြတယ်။ လိင်ဆက်ဆံခြင်း အတွေ့အကြုံရှိခဲ့ကြတယ်လို့ မှတ်ယူနိုင် ပါတယ်။ အံ့သြစရာကောင်းပါတယ်။

ဆရာမကြီးကတော့ ကလာမိုင်ဒီးယား ဘက်တီးရီးယားပိုးဟာ ကူး စက်ခံရပြီးတဲ့နောက် ရောဂါလက္ခဏာမပြတတ်သေးတာကြောင့် လိင်ကိစ္စ ပညာပေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ဖို့ အရေးကြီးကြောင်း လမ်း ညွှန်ထားပါတယ်။

"ကလာမိုင်ဒီးယားသည် လက္ခဏာမပြတတ်ခြင်းကြောင့် ဖုံးကွယ်နေ သောရောဂါကို ရှာဖွေစစ်ဆေးနိုင်ရန်အတွက် လိင်စိတ်တက်ကြွနေသူတိုင်း အား ပညာပေးလှုံ့ဆော်ပေးဖို့လိုသည်။ လိင်စိတ်တက်ကြွနေသူတိုင်း ဖုံး ကွယ်နေသောရောဂါကို ရှာဖွေစစ်ဆေးမှုပြုလုပ်ရန် အရေးကြီးလှပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းရောဂါသည် လုံးဝပျောက်ကင်းအောင် ကုသ ပေးနိုင်သောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင်မူ ကာကွယ်ခြင်းသည်သာ

mgyee.com

ကလာမိုင်ဒီးယားကူးစက်ခြင်းကို လုံးဝရှောင်ရှားနိုင်ပေလိမ့်မည်" လို့ ဆိုထားပါတယ်။

**ကလာမိုင်ဒီးယား မကူးစက်စေရန် ကာကွယ်နည်း**

ဆရာမကြီးက ကာကွယ်ရေးနည်းလမ်းအချက်တွေကို ကောက်နုတ်တင်ပြပါမယ်။

- ❑ ဆက်ဆံသောအဖော်ကို နည်းနိုင်သမျှ နည်းပါစေ။ (အိမ်ထောင်ပြုပြီးလျှင် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးပါ၊ ယောကျ်ားရော မိန်းမပါ သစ္စာရှိသော အိမ်ထောင်ရေးတည်ဆောက်ရန်ဖြစ်သည်။)
- ❑ ဆက်ဆံသောအဖော်၏ လိင်ရာဇဝင်ကြောင်းကို သိထားရမည်။ (တစ်ကိုယ်ရေ တစ်ကာယသမားများ အခြားအပျော်မယားများနှင့် ဆက်ဆံမည်ဆိုလျှင် ၎င်းတို့၏ ရာဇဝင်ကြောင်းကိုသိထားသင့်သည်။ လွတ်လပ်သူအမျိုးသမီးများလည်း မိမိနှင့်တွဲမည့် ယောကျ်ား၏ နောက်ကြောင်းရာဇဝင်ကို လေ့လာထားသင့်သည်။)
- ❑ ဆက်ဆံမည်ဆိုလျှင် ကွန်ဒုံးပစ္စည်းကို မလွဲမသွေသုံးစွဲသင့်သည်။ (ယောကျ်ားသုံးကွန်ဒုံး၊ မိန်းမသုံးကွန်ဒုံး ရှိသည်။ ယောကျ်ားသုံးကွန်ဒုံးကို မဖြစ်မနေသုံးသင့်သည်။)
- ❑ သုက်ကောင်သေစေသော ဆေးကိုအသုံးပြုပါ။ ယင်းဆေးတွင် Nonoxynol-9 ပါရှိသည်။
- ❑ မိမိတွင် ဘေးအန္တရာယ်နှင့် ကြုံတွေ့လိုက်ရပြီဟု သံသယရှိလျှင်၊ သို့မဟုတ် ဆက်ဆံပြီး နောက်ပိုင်းနေထိုင်မကောင်းဖြစ်လာလျှင် ဆေးစစ်ဆေးမှု အမြန်ပြုလုပ်ရပါမည်။

အထက်ပါအချက်များကို လူလွတ်အမျိုးသား အမျိုးသမီးများရော၊ အိမ်ထောင်ရှင်စုံတွဲများပါ လိုက်နာစေခြင်းဖြင့် ကလာမိုင်ဒီးယားလို့ခေါ်တဲ့ ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်နိုင်တဲ့ရောဂါကို ကာကွယ်နိုင်ပါလိမ့်မယ်။

- ❑ ဒီရောဂါ ရှိ၊ မရှိ သိအောင်သာ အလျင်အမြန်လုပ်ဆောင်ပါ။ ဒီရောဂါဖြစ်ရင် အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်ပါတယ်။

mgyoe.com

mgyoe.com


မကုဘဲထားရင်သာ၊ သို့မဟုတ် ရောဂါရှိမှန်းမသိဘဲအချိန်တွေကြာနေရင်သာ အန္တရာယ်တွေတစ်ပြုံကြီး ရင်ဆိုင်ရမှာပါလို့ တင်ပြလိုက်ရပါတယ်။

### ကလာမိုင်ဒီးယားကို ကုသခြင်း

လိင်ဆက်ဆံခြင်းကြောင့် ကူးစက်ခံရတဲ့ ကလာမိုင်ဒီးယားရောဂါကို ကူးစက်ခံရကြောင်း စောစောစီးစီး ဖော်ထုတ်နိုင်မယ်ဆိုရင် ပဋိဇီဝဆေးဝါးတွေနဲ့ ကုသလိုက်ရင် အမြစ်ပြတ်ပျောက်ကင်းပါတယ်လို့ ဆရာမကြီးက ပြောပါတယ်။

အဲဒီလိုရောဂါကိုစောစောသိ စောစောကုသမှုခံယူလိုက်နိုင်မယ်ဆိုရင် ကလာမိုင်ဒီးယားရောဂါလည်း ပျောက်မယ်၊ အဲဒီကူးစက်ရောဂါကြောင့် တင်ပါးဆုံရောင်ရမ်းခြင်းရောဂါ (PID) ကြောင့်ဖြစ်ရတဲ့ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းတွေကိုလည်း ကာကွယ်နိုင်တဲ့အခွင့်အရေးရနိုင်ပါတယ်လို့ ပြောပါတယ်။

ဒါကြောင့် ကလာမိုင်ဒီးယားကူးစက်ခံနေတာကို အမြန်ဆုံးသိဖို့ လိုအပ်ပါတယ်။ ကလာမိုင်ဒီးယားကူးစက်ခံရရင် ပြသတဲ့လက္ခဏာတွေကိုလည်းဖော်ပြပြီး ဖြစ်ပါတယ်။ ကူးစက်ခံထားရမှန်းသိရင် သိသိချင်း အရှက်အကြောက်ဆိုတာကို ခဏဘေးဖယ်ထားပြီး ဆရာဝန်နဲ့ အမြန်ဆုံး ပြသရပါတယ်။ အဖြစ်မှန်ကို ဖွင့်ဟပြောပြရပါမယ်။ ဆေးကုသရင် မပျောက်ဘူးဆိုတာ မရှိပါဘူး။ မကုသဘဲ အရှက်အကြောက်ကြီးပြီး ဖုံးဖိထားရင်သာ ကိုယ်ကျိုးနည်းရမယ့် အဖြစ်တွေရင်ဆိုင်ရမှာပါ။ မြန်မြန်ကုလေ မြန်မြန်ကောင်းလေပါပဲ။ အချိန်ကြာလာတာနဲ့အမျှ ဆိုးကျိုးတွေက နောက်ကနေတန်းစီစောင့်ဆိုင်းနေတယ်လို့ မှတ်ရပါမယ်။

ကူးစက်နေကြောင်း သံသယဝင်သင့်တဲ့ ဝေဒနာလက္ခဏာတွေကို ပြန်ပြောပြပါမယ်။

- ဗိုက်တစ်ဖက်မှာ နာကျင်တဲ့ ဝေဒနာခံစားလာရတယ်။ အဲဒီဝေဒနာခံစားရမှုဟာ အပေါ်ဘက်ကိုရွေ့တက်သွားတယ်။ ပြီးတော့ တခြားဗိုက်တစ်ဖက်မှာလည်း အဲဒီအတိုင်း ခံစားလာရတယ်။

mgyoe.com

mgyoe.com


- မကြာခင်မှာ ဆီးသွားရင် နာကျင်တဲ့ဝေဒနာ ခံစားလာရတယ်။ အဲဒီဝေဒနာနဲ့အတူ ပူစပ်ပူလောင်လည်း ခံစားလာရတယ်။

ဒီလိုဝေဒနာတွေ ခံစားလာရရင် ရောဂါကူးစက်ခံထားရလေပြီလား လို့ သံသယဝင်သင့်ပါတယ်။ ဒါပေမယ့် ဒီဝေဒနာတွေ ခံစားလာရတာနဲ့ တန်းပြီး ကလာမိုင်ဒီးယားရောဂါရနေပြီလို့ တစ်ထစ်ချပြောလို့မရပါဘူး။ ကလာမိုင်ဒီးယားရောဂါဟာ လက္ခဏာမပြတတ်တဲ့ အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် ကလာမိုင်ဒီးယားကို တိတ်ဆိတ်ငြိမ်သက်သောရောဂါလို့ ပြောကြပါတယ်။

ကလာမိုင်ဒီးယား ကူးစက်ခံထားရတဲ့ အမျိုးသမီး ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းမှာ လိင်ဆက်ဆံခြင်းကြောင့်ပဲ ဂနိုရောဂါဆိုတာ ကူးစက်ခံရတတ်ပြန်ပါတယ်လို့ ဆရာမကြီးက ဆိုထားပါသေးတယ်။

"ကလာမိုင်ဒီးယား ကူးစက်ခံနေရသော အမျိုးသမီး ၁၀ မှ ၁၅ ရာခိုင်နှုန်းအတွင်း လိင်ဆက်ဆံခြင်းကြောင့်ရရှိသော ဂနိုရောဂါကူးစက်ခံနေရသည်ကို တွေ့မြင်နေရသည်။ ထို့ကြောင့် ဂနိုရောဂါအတွက်ပါ ထပ်ဆင့်ကုသမှုကိုပေးရပါမည်။ ကလာမိုင်ဒီးယားကဲ့သို့ပင် ဂနိုရောဂါသည် လက္ခဏာအနည်းငယ်ပြခြင်း၊ သို့မဟုတ် လက္ခဏာလုံးဝမပြတတ်ပေ။ ဂနိုရောဂါသည် လက္ခဏာပြခဲ့သော် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

- ဗိုက်နာကျင်ခြင်းမှာ ပြင်းထန်သည်။
- ယောနိထွက်ရည် အဆင်းများသည်။
- သွေးဆင်းမည်။
- ဆီးသွားလျှင် ပူစပ်ပူလောင် ဖြစ်မည်။
- တင်ပါးဆုံရောင်ရမ်းခြင်း ရှုပ်ထွေးချက်ဝင်လာမည်။

ကလာမိုင်ဒီးယားကူးစက်ခံရသူကို ဂနိုရောဂါအတွက် ပူးတွဲ ကုသပေးရမှာဖြစ်သလို၊ ဂနိုရောဂါဖြစ်နေသူကိုလည်း ကလာမိုင်ဒီးယားအတွက်ပါ ပူးတွဲကုသမှုပေးရတယ်ဆိုတာလည်း ဆရာမကြီးကရှင်းပြထားပါသေးတယ်။

"ကလာမိုင်ဒီးယားကူးစက်ခံရသူကို ဂနိုရောဂါအတွက်ပါ ပူးတွဲကုသချက်ပေးရသလို၊ ဂနိုရောဂါဖြစ်နေသူအားလည်း ကလာမိုင်ဒီးယားအတွက်

mgyoe.com

ပါ ပူးတွဲကုသမှုပေးရပါမည်။ ရောဂါခံစားနေရသော အမျိုးသမီးအား ကုသချက်ပေးပြီး သူမ၏အဖော်ကိုပါ ပြည့်စုံသောကုသချက်ပေးရန် သတိချပ်စေလိုပါသည်။ လက်တွေ့အားဖြင့် ကုသချက်ပေးရာတွင် ကလာမိုင်ဒီးယားနှင့် ဂနိုရောဂါအတွက် ပူးတွဲကုသမှုပေးခြင်းမှာ လုပ်ရိုးလုပ်စဉ်သဘောဖြစ်လာခဲ့သည်" လို့ ဖော်ပြထားပါသည်။

ကလာမိုင်ဒီးယားရောဂါနဲ့ ပူးတွဲနိုင်တဲ့ ဂနိုကာလသားရောဂါတွေဟာ ကုသလို့မရဘူး၊ ကုသလို့မအောင်မြင်နိုင်ဘူးလို့ ဆိုလာရင် ဒါဟာ ကလာမိုင်ဒီးယားရောဂါကူးစက်ခံနေရသူနဲ့ ထပ်မံပြီး လိင်ဆက်ဆံဖြစ်လို့ ပြန်လည်ကူးစက်လာရခြင်းကြောင့် ဖြစ်တယ်လို့ ဆရာမကြီးက ဆိုပါတယ်။

ယောကျ်ားတွေအနေနဲ့ သူတို့မှာ ကလာမိုင်ဒီးယား ကူးစက်ခြင်းလက္ခဏာတွေအဖြစ် လိင်တံမှ အရည်ထွက်ခြင်း၊ ဆီးသွားလျှင် ပူစပ်ပူလောင်ဖြစ်ခြင်း စတဲ့ ဝေဒနာတွေ ခံစားရတတ်ပါတယ်။ တချို့ကတော့ ဆရာဝန်ဆီရောက်လာပြီး၊ တချို့ကတော့ ကုသခြင်းမခံယူကြဘူးလို့ ဆိုပါတယ်။

အမျိုးသမီးတွေမှာ ကလာမိုင်ဒီးယားကူးစက်တာတွေရှိရတာနဲ့ သူ့ရဲ့အဖော် (ခင်ပွန်း) ကို စစ်ဆေးနေစရာမလိုတော့ဘဲ တစ်ပြိုင်တည်း ဆေးကုသပေးရပါတော့မည်။ ဒါဟာ လင်ရောမယားပါကူးနေကြပြီ၊ ဒါမှမဟုတ် ဆက်ဆံဖော်နှစ်ဦးမှာ သေချာပေါက်အပြန်အလှန် ကူးစက်နေကြပြီဆိုပြီး နှစ်ဦးစလုံးကို ဆေးကုသမှုပြီးပြည့်စုံအောင် (ဆုံးခန်းတိုင်အောင်) လုပ်ရပါတော့မယ်။ ရောဂါလက္ခဏာများ ပျောက်သွားတယ်ဆိုပေမယ့်လည်း ပေးထားတဲ့ဆေးဝါးတွေကို ဆက်လက်ပြီးဆုံးအောင် သောက်ပေးဖို့ အရေးကြီးပါတယ်။ ဒါမှ ကူးစက်မှုကိုပြီးပြည့်စုံအောင် ရှင်းလင်းဖယ်ရှားပစ်တာမို့ စိတ်ချလို့ရပါလိမ့်မယ်လို့ ဆရာမကြီးရဲ့လမ်းညွှန်ချက်တွေနဲ့ ဒီအကြောင်းအရာ ဒီရောဂါကို နိဂုံးချုပ်လိုက်ပါတယ်။

အမျိုးသမီးများ လူကြားမကောင်းတဲ့ ဒီရောဂါဘေးမှ ကင်းဝေးကြပါစေ။

■

mgyoe.com

mgyoe.com

# အနိုပ်စက်ခံ အိမ်ထောင်သည်အမျိုးသမီးများ

**ခက်ခက်မာကို လေ့လာခြင်း**

မြန်မာနိုင်ငံမှာ အမျိုးသမီးရေးရာအဖွဲ့အစည်း ဖွဲ့စည်းထားပါတယ်။ မြန်မာအမျိုးသမီးနေ့လို့သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပကြပါတယ်။ ရည်ရွယ်ချက်ကတော့ အမျိုးသမီးများအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး ဖြစ်ပါတယ်။

အမျိုးသမီးနဲ့ အမျိုးသားယှဉ်ရင် သဘာဝအရကိုက အမျိုးသမီးတွေဟာ အားနွဲ့သူအဖြစ် နှိမ့်ချခံနေရဆဲဖြစ်ပါတယ်။ သဘာဝအရ အင်အားနည်းပါးခြင်းကြောင့် မည်သည့်အခါမှ အမျိုးသားတွေကို ယှဉ်ပြိုင် အနိုင်ရစရာ အကြောင်းမရှိပေမယ့် အမျိုးသားတွေကတော့ အဲဒီအားနည်းချက်ကို အခွင့်ကောင်း၊ ချက်ကောင်းယူပြီး နိုင့်ထက်စီးနင်း ပြုကျင့်နေကြတာ ယနေ့အထိပါပဲ။

အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေပြဋ္ဌာန်းချက် ရှိပင်ရှိငြားသော်လည်း အမျိုးသမီးများ ဥပဒေရဲ့ အကာအကွယ်ပေးမှုကို အပြည့်အဝမရရှိသေးဘူးလို့ ထင်ပါသည်။ အထူးသဖြင့် အိမ်ထောင်သည်အမျိုးသမီးတွေဟာ ခင်ပွန်းရဲ့ အနိုင်ကျင့်မှု၊ ကိုယ်ထိလက်ရောက်စော်ကားမှုတွေနဲ့ ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။

mgyoe.com

မြန်မာ့ခလေ့၊ မြန်မာ့အိမ်ထောင်ရေးယဉ်ကျေးမှုအရ အိမ်ထောင်သည် ယောကျ်ားဟာ အိမ်ဦးနတ်သခင်သဖွယ် သတ်မှတ်ထားကြသော မိရိုးဖလာ ထုံးတမ်းအချို့ကြောင့် အိမ်ဦးနတ်သဖွယ် ယောကျ်ားက မိန်းမကို နိုင်ချင်တိုင်း နိုင်ခွင့်ရနေတဲ့ အိမ်ထောင်သည်တချို့လည်း ရှိနေပါတယ်။

တချို့သော ယောကျ်ားများဟာလည်း တစ်အိမ်လုံး စီးပွားရှာပေးနေ တယ်ဆိုပြီး မိန်းမကိုအထက်စီးက ဆက်ဆံတာ၊ ရန်ဖြစ်ရင် ခြေတွေလက် တွေပါတွေလည်း အရပ်ထဲကြားသိနေရပါတယ်။ တချို့မိန်းမများကျ တော့လည်း ခင်ပွန်းသည်ကို အပျော့ဆွဲနဲ့ ကြိုးဆွဲရာကနေ ကိုယ်ကိုယ်တိုင် အလျော့ပေးပေါင်းများလာတဲ့အခါ အနိုင်ကျင့်ခံရတာတွေလည်း ရှိနေပါ တယ်။

ဘာပဲဖြစ်ဖြစ် အိမ်သည်ယောကျ်ားတစ်ယောက်ဟာ သူ့ရဲ့ဇနီးမယား ကို စကားလုံးနဲ့ ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်ထိလက်ရောက် တွန်းထိုး သတ်ပုတ်ခြင်း၊ ရိုက်နှက်ခြိမ်းခြောက်ခြင်း၊ စိတ်ဆင်းရဲခြင်းကြီး စွာ နှိပ်စက်ပြုမူခြင်း စတာတွေအားလုံးဟာ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပါတယ်။

ဒီတစ်ပတ် အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရခြင်း အကြောင်း တင်ပြပါမည်။ ဦးစွာ ခက်ခက်မာဆိုတဲ့ မိန်းကလေးတစ်ဦးအကြောင်း ဇာတ် လမ်းလေးနဲ့ အရင်တင်ပြပါမည်။ ခက်ခက်မာဟာ ဆရာမကြီး ဒေါက်တာ ဒေါ်လှဲ့လှဲ့ဝင်းရဲ့ လူနာတစ်ဦးဖြစ်ပါတယ်။

ခက်ခက်မာအကြောင်းကို ဆရာမကြီးက သူ့ရဲ့စာအုပ်မှာ မှတ်တမ်းတင် ထားတဲ့အတိုင်း တစ်ဆင့်ပြန်လည်ဖောက်သည်ချလိုက်ပါတယ်။ ခက်ခက်မာ အကြောင်း ဇာတ်ရည်လည်ပြီဆိုမှ အိမ်တွင်းအကြမ်းဖက်မှုတွေအကြောင်း ဆက်ပါမယ်။

"ခက်ခက်မာသည် အသက် ၂၁ နှစ်ရှိ သားဦးကိုယ်ဝန်ဆောင်ထား ရသူဖြစ်သည်။ ဘွဲ့ရပညာတတ်ဖြစ်ပြီး ခင်ပွန်းမှာ အစိုးရရုံးတစ်ရုံးမှ အရာရှိ တစ်ဦးဖြစ်သည်။ သူတို့နှစ်ဦး မေတ္တာမျှ၍ ချစ်ကြပြီး လက်ထက်ခဲ့ကြခြင်း မဟုတ်ပါ။ မိခင်မုဆိုးမကြီးက ခက်ခက်မာနောင်ရေး စိတ်အေး ရလေအောင် ဆိုပြီး ပေးစားထား၍ အိမ်ထောင်ရှင်ဘဝရောက်ခဲ့ရသူဖြစ်သည်။ ခက်ခက်မာ

mgyoe.com

လေးကို ကျွန်မကမွေးပေးခဲ့ရတာပဲ ပြောသဖြင့် ခက်ခက်မာ၏မိခင်သည် ကျွန်မ၏ လူနာဟောင်းမှန်း သိရသည်။ ခက်ခက်မာ ကျွန်မဆီရောက်လာသောအခါ ကုသိုလ်ဖြစ်ဆေးရုံမှ ဆရာဝန်တစ်ဦးထံ ကိုယ်ဝန်စောင့်ရှောက်ခြင်းကိစ္စနှင့် မွေးဖွားရန်အတွက် အပ်နှံပေးလိုက်ပါသည်။

"ခက်ခက်မာမှာ ကိုယ်လုံးပိန်သွယ်သဖြင့် အရပ်ရှည်သည်ဟု ထင်ရသည်။ ရွှင်ပျပြုံးချိုသောမျက်နှာနှင့် သွက်လက်ဖျတ်လတ်နေသည်။ အဝတ်အစားဆင်ရာ၌လည်း သေသပ်ပြီး ခေတ်မီတောက်ပြောင်သော ဝတ်စားဆင်ယင်မှုကြောင့် ပြောင်ပြောင်ရောင်ရောင်ရှိသည်။ ဆေးရုံသို့ ကိုယ်ဝန်စောင့်ရှောက်ရန်လာတိုင်း ကျွန်မဆီဝင်လာတတ်သည်။ ပထမကလေး သားယောကျ်ားလေးကို လွယ်ကူချောမောစွာ မွေးဖွားပေးခဲ့သည်။

နှစ်နှစ်ကျော်လွန်သွားပြီးသွားသောအခါ ခက်ခက်မာ ဒုတိယကိုယ်ဝန်ရှိနေသည်။ ထိုအခါ ကျွန်မနှင့် ထပ်မံတွေ့ဆုံရပြန်သည်။ သည်တစ်ခါ သူမမှာ လိမ်းခြယ်ပြင်ဆင်ထားခြင်းမရှိ၍ မျက်နှာမှာ ညှိုးငယ်နေသည်။ သူ့ကြည့်ရသည်မှာ ကျွန်မဖြင့် စိတ်မချမ်းသာ။ ထို့ကြောင့် အာဟာရ ပြည့်ဝသော အစားအစာများ စားသုံးရန်၊ သွေးအားကောင်းရန် ဆေးဝါးမှီဝဲရန် ညွှန်ကြားလိုက်သည်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ရန် သတိပေးလိုက်ရသေးသည်။ သားဦးမွေးဖွားပေးသော ဆရာဝန်နှင့်ပင် ကိုယ်ဝန်စောင့်ရှောက်မှု ခံယူစေခဲ့သည်။ ဒုတိယအကြိမ်ကိုယ်ဝန်သည် သမီးမိန်းကလေးကို ချောမောစွာ မွေးဖွားနိုင်ခဲ့သည်။ ဆေးရုံတက်နေစဉ် ခက်ခက်မာအား တစ်ခေါက်တော့ သွားရောက်ကြည့်ရှုဖြစ်သည်။ ထို့နောက် ထပ်မံကွဲကွာသွားပြန်သည်။

### ခက်ခက်မာတစ်ယောက် ကွယ်လွန်အနိစ္စရောက်ခြင်း

ဆရာမကြီးနဲ့ ဆေးရုံပေါ်မှာ တွေ့ဆုံအပြီး တစ်နှစ်အကြာမှာတော့ ခက်ခက်မာတစ်ယောက် ကွယ်လွန်သွားပြီဆိုတဲ့ သတင်းကို ဆရာမကြီး ကြားသိလိုက်ရပါတယ်။ ဘာရောဂါမှ ထွေထွေထူးထူးမရှိလို့ ဆရာမကြီးလည်း သနားအံ့သြခြင်းကြီးစွာနဲ့ ဖြစ်သွားရပါတယ်။

"ခက်ခက်မာနဲ့ မတွေ့ဖြစ်တာ တစ်နှစ်နီးပါး ကြာပြီးသောအခါမှာ ခက်ခက်မာ၏ ညီမ လွင်လွင်မာမှာ သားဦးကိုယ်ဝန်ဆောင်ထားပြီး ကျွန်မ

mgyoe.com

mgyoe.com
ထံ ရောက်လာခဲ့သည်။ လွင်လွင်မာ၏ ပြောဆိုသောစကားကြောင့် ကျွန်မမှာ အံ့အားသင့်သွားခဲ့ရသည်။

"ဒေါက်တာ၊ မမခက်ခက်မာက သူ့သမီး လေးလအရွယ်မှာ ဆုံးသွားတယ်"

"ဟုတ်လား၊ အံ့သြစရာပဲ၊ ဘာရောဂါနဲ့ ဆုံးသွားရတာလဲ၊ သူ့မှာ ဘာရောဂါမှ ကြီးကြီးကျယ်ကျယ်မရှိပါဘူး။ ဘာရောဂါဖြစ်တယ်လို့ ကြားမိလဲ"

"ဒီလို ဒေါက်တာရယ်၊ မမဆုံးတာကို မေမေနဲ့ ကျွန်မတို့ မောင်နှမတွေ ဆုံးပြီး တစ်လကြာမှ သိရတာ။ မမယောကျ်ားက အကြောင်းမကြားခဲ့ဘူးဒေါက်တာရဲ့။ သူများလာပြောမှ သိရတာ။ သိသိချင်းလိုက်သွား တော့ ကလေးနှစ်ယောက်နဲ့အိမ်ဖော်ကောင်မလေးကိုပဲ တွေ့ရတယ်။ အိမ်ဖော်ကောင်မလေးကလည်း ဘာမှမသိဘူး။ ဘာမှမေးလို့မရဘူး။ မေမေက ကလေးနှစ်ယောက်ကို ခေါ်လာခဲ့တယ်။ ကလေးနှစ်ယောက်ဟာလေ အာဟာရချို့တဲ့နေလို့လား မသိဘူး၊ ပိန်လှီနေတာပဲ။ ဒါနဲ့ ကလေးအထူးကုဆရာဝန်ကြီးနဲ့ပြပြီး ကုခဲ့ပါတယ်။ အခုတော့ အငယ်သမီးကလေးက အာဟာရပြည့်ဝသွားပြီး သားလေးကတော့ အခုထိ ဆက်ကုနေရတုန်းပဲ

"အိမ်နီးနားချင်းတွေဆီသွားပြီး မမအကြောင်းမေးမြန်းစုံစမ်းကြည့်တော့ ဘယ်သူမှ ဘာမှ အတိအကျမပြောနိုင်ကြဘူး။ ဘာကြောင့် သေဆုံးသွားရတာလဲဆိုတာလည်း မေးလို့မရခဲ့ဘူး။ မမတို့က အဲဒီရပ်ကွက်ကို ပြောင်းလာတာ မကြာသေးဘူးတဲ့။ သမီးတို့လည်း စုံစမ်းရင်းစုံစမ်းရင်း မမအလောင်းကို ရေချိုးပေးခဲ့ရတယ်ဆိုတဲ့ အမျိုးသမီးတွေရှိတယ်ဆိုတာနဲ့ မရမက လိုက်စုံစမ်း လိုက်တော့ မမအလောင်းကို ရေချိုးပေးခဲ့ရတုန်းက ဗိုက်နဲ့နောက်ကျောမှာ ညိုမည်းနေတဲ့ ဒဏ်ရာလိုလို ဘာလိုလို တွေ့တယ်လို့ ပြောကြတယ်။

"မေမေက ကလေးနှစ်ယောက်ကို ပြန်ခေါ်လာတော့ မမယောကျ်ားက သားရလိုမှုနဲ့လျှောက်ထားလို့ အခုတော့ မေမေနဲ့ အမှုဖြစ်နေတယ်လေ။ မမသေပြီးမှ စုံစမ်းသမျှကြားရတာက မမယောကျ်ားက မမနဲ့လက်ထပ်စဉ်က လူပျိုမဟုတ်ဘူးတဲ့။ ပထမ ဇနီးတစ်ယောက်ရှိခဲ့တယ်။ နှိပ်စက်ရိုက်နှက်လွန်းလို့ ၁၀ လပဲပေါင်းပြီး အိမ်ကထွက်ပြေးသွားတယ်လို့ သိ
mgyoe.com

mgyoe.com

ရတယ်။ မမကိုတော့ သူလူပျိုပါဆိုပြီး လိမ်ယူခဲ့တာပေါ့။ ဒါတွေဟာ နောက်မှသိလိုက်ရတာ၊ မမယောကျ်ားနှိပ်စက်ရိုက်နှက်တတ်တယ်ဆိုတာ လည်း မမသေပြီးတော့မှပဲ သိရတော့တယ်။ မေမေတို့၊ ကျွန်မတို့ မိသားစု တွေအကုန်လုံး ယူကျုံးမရ ဖြစ်ကြရတာပေါ့။ အခု ကျွန်မအိမ်ထောင်ပြု တော့မယ်ဆိုတာလည်း မေမေက သူစိမ်းဆိုရင် လန့်သွားပြီး ကြောက်သွား ပြီဆိုပြီး ဆွေမျိုးနီးစပ်ထဲက အတွင်းသိအစင်းသိသူတစ်ယောက်နဲ့ ပေးစား ခဲ့တယ်လေ။ ကျွန်မလည်း မေမေစိတ်ချမ်းသာစေတော့ဆိုတာကတစ် ကြောင်း၊ ကိုယ်အကြောင်းသိနေသူနဲ့ လက်ထပ်ရတာကလည်း တစ်ကြောင်း ဆိုပြီး မေမေ့စကားကို ခေါင်းညိတ်လိုက်တာပါ"

ဒါက ခက်ခက်မာ ကွယ်လွန်ရခြင်းအကြောင်းရင်းနဲ့ သူ့ရဲ့အိမ်ထောင် ရေးအခြေအနေအကြောင်း အကြမ်းဖျင်းကို သူ့ညီမဆီက ကြားသိရတဲ့ စကားတွေပါ။

ခက်ခက်မာရဲ့ အိမ်ထောင်ရေးအကြောင်း အပေါ်ယံသဘောသိလိုက် ရတော့ အိမ်ထောင်ရေးမှာ ရန်မဖြစ်တဲ့ အိမ်ထောင်ရေး ဘယ်ရှိနိုင်မှာလဲ လို့ အတွေးပေါ်လာပါတယ်။ ဒါပေမယ့် လင်မယားတွေ ရန်ဖြစ်ပြီး ပြန် တည့် ပြန်ချစ်သွားကြတယ်ဆိုတာလည်း ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာပါပဲ။ ဒါ ပေမယ့် လင်မယားရန်ဖြစ်ပြီး ရိုက်ကြနှက်ကြ၊ ထုကြထောင်းကြဆိုတဲ့ ရန်ပွဲမျိုးလည်း ရှိတတ်သေးတော့ အဲဒီအဆင့်ရောက်ခဲ့ရင် မကောင်းဘူး လို့ သတ်မှတ်ကြပါတယ်။ ရန်ဖြစ်တယ်ဆိုတာ ပါးစပ်နဲ့စကားလုံးတွေနဲ့ ပြောကြ ဆိုကြ၊ စကားနိုင်လုကြတဲ့ကိစ္စပါ။ ခွန်းကြီး၊ ခွန်းငယ်၊ အော် ကြီးဟစ်ကျယ် ဖြစ်ချင်ဖြစ်မယ်။ ဒီထက်ပိုပြီး လူကြားမကောင်း၊ သူကြား မကောင်းအောင် အဆိုအဆဲ အညစ်အပတ်တွေပါလာရင်တောင် ကျော် မကောင်း၊ ကြားမကောင်းမို့ မကောင်းတော့ဘူးလို့ သတ်မှတ်ပါတယ်။ လင် ကိုယ်မယား စကားလုံးတွေနဲ့ ကြိတ်ဖြစ်နေတဲ့ ရန်ပွဲမျိုးက ဖြစ်သင့်ပါတယ်။ ငြင်းကြခုံကြ အယူအဆကို တင်ပြနေကြတာလေ။ သဘာဝ ကျပေါ်တယ်။

ဒါပေမဲ့ ဒီထက်ပိုဆိုးတဲ့ ရိုက်နှက်နှိပ်စက်ခြင်းပါဝင်နေတဲ့ ရန်ဖြစ်ခြင်း တွေကတော့ လုံးဝမကောင်းသော အမူအကျင့်စရိုက်လက္ခဏာပဲ ဖြစ်ပါ တယ်။ ရန်ဖြစ်ပြီဆိုတာနဲ့ ယောကျ်ားက ထရိုက်၊ ထကန်၊ ပစ္စည်းတွေနဲ့

mgyoe.com

mgyoe.com

ကောက်ပေါက်ဆိုတဲ့ အကျင့်ကတော့ ယောကျ်ားမပီသသော၊ ဘီလူးသရဲထက် ကြမ်းတမ်းသော၊ လူမပီသသော လုပ်ရပ်လို့ ရှုတ်ချရပါမယ်။

ဒီထက်ပိုဆိုးသေးတာက ရန်မဖြစ်ပါဘဲ အကြောင်းမရှိ အကြောင်းရှာပြီး ဇနီးသည်ကို ရိုက်နှက်ဆုံးမခြင်းဆိုတာမျိုးကတော့ လူမဟုတ်တော့ဘဲ တိရစ္ဆာန်သာသာ သတ္တဝါဖြစ်နေပါတော့တယ်လို့ အတိအကျပြောရပါတော့မယ်။ မခက်ခက်မာတစ်ယောက် ဘယ်လိုယောကျ်ားမျိုးနဲ့ တွေ့ခဲ့ရပြီး၊ ဘယ်လိုရိုက်နှက်ဆုံးမခြင်းမျိုးတွေနဲ့ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပါလိမ့်ဆိုပြီး သနားမိပါတော့တယ်။

## ပြဿနာများနှင့်မကင်းသော အိမ်ထောင်ရေးနှင့် နှိပ်စက်ခံရခြင်းများ

မခက်ခက်မာဟာ အိမ်ထောင်ရေးကံဆိုးရှာတယ်လို့ပြောရင် အတိအကျမှန်ပါတယ်။ အိမ်ထောင်စကျကတည်းက တစ်ခုလပ်ကို လူပျိုလို့ အညာခံရပြီး ပေါင်းလာရတယ်။ မိခင် စိတ်ကျေနပ်အောင် အိမ်ထောင်ရေးကို ကိုယ်တိုင်ရွေးချယ်ခွင့်မရဘဲ မျက်စိစုံမှိတ်ကြိတ်ပြီး ပေါင်းသင်းခဲ့ရတယ်။ လင်သားရယ်လို့ ဖြစ်လာပြန်တော့လည်း ဇနီးမယားအပေါ် ကြင်နာသယောင်နဲ့ နှိပ်စက်ရိုက်နှက်ခံခဲ့ရတယ်။ နောက်ဆုံး ခွင့်မလွှတ်နိုင်စရာအကောင်းဆုံးက လင်သား ရိုက်နှက်တဲ့ဒဏ်ရာနဲ့ သေဆုံးခဲ့ရတယ်။ ဒါဟာ ရာဇဝတ်ပြစ်မှုပါပဲ။ လူသတ်မှုမြောက်ပါတယ်။ ခုတော့ ဥပေက္ခာပြုခံရပြီး လူမသိ သူမသိနဲ့ လူသေမှုရယ်လို့တောင် ပုဒ်မအတပ်မခံရဘဲ လူ့အသက်တစ်ချောင်း အလကားသက်သက် အဆုံးရှုံးခံလိုက်ရတယ်။

မခက်ခက်မာအကြောင်း စဉ်းစားမိရင်း မတွေးဝံ့နိုင်လောက်အောင် ခံစားရတယ်လို့ ဆရာမကြီးက သူ့ခံစားချက်ကို ဖော်ပြထားပါတယ်။ ပြီးတော့ ဆရာမကြီးကိုယ်တိုင် ကြားသိခဲ့ရတဲ့ အိမ်ထောင်သည် အမျိုးသမီးတွေ နှိပ်စက်ခံရခြင်းအကြောင်းတွေကို ဆက်လက်တင်ပြထားတာတွေ့ရပါတယ်။ အဲဒီအိမ်ထောင်သည်တွေထဲမှာ ပညာတတ်ဖြစ်တဲ့ ဆရာဝန် လင်မယားတွေတောင် ပါဝင်နေတာ အံ့ဩဖွယ်တွေ့ရပါတယ်။

"ခက်ခက်မာသေဆုံးရခြင်းအကြောင်းတွေးရင်း ရင်ထဲမတွေးဝံ့လောက်အောင် ခံစားလိုက်ရသည်။ ထို့ပြင် တစ်ဆက်တည်း သတင်းစာထဲပါလာ

mgyoe.com

mgyoe.com

သော သတင်းတစ်ရပ်ကို သွားသတိရမိသည်။ ကိုယ်ဝန်ငါးလနှင့် အမျိုးသမီးတစ်ဦးသေဆုံးရသည့် သတင်းဖြစ်သည်။ ခင်ပွန်းဖြစ်သူမှာ ဆိုက်ကားနင်းသည်။ ဇနီးဖြစ်သူမှာ နံနက်ပိုင်းက အကောင်းပကတိ၊ ညပိုင်းကျသေဆုံးသွားခဲ့ရသည်။ သင်္ဂြိုဟ်ပြီးသွားမှ အိမ်နီးနားချင်းများက မသင်္ကာ၍ အကြောင်းကြားချက်အရ အလောင်းကိုပြန်ဖော်ပြီး စစ်ဆေးကြည့်ခဲ့ကြသည်။ ရိုက်နှက်နှိပ်စက်သည့်ဒဏ်ရာများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ခင်ပွန်းအား တရားဥပဒေအရ အရေးယူထားကြောင်း သတင်းဖြစ်သည်။

"မေတ္တာမျှ၍ လက်ထပ်ခဲ့ကြသော ပညာတတ်ဆရာဝန်ဇနီးမောင်နှံအကြောင်း ပြောဦးမည်။ ဇနီးမောင်နှံနှစ်ဦးတို့မှာ တစ်ဦးစီ အလှည့်ကျနိုင်ငံခြားသို့ ပညာတော်သင် သွားနေကြရရာ ခုနစ်နှစ်မျှ အတူမနေကြရပေ။ ထိုအခါ အိမ်ထောင်ရေးကို ထိခိုက်လာသည်။ အိမ်ထောင်ရေးအဆင်မပြေဖြစ်လာပြီး လင်မယား တကျက်ကျက်ဖြစ်လာတော့သည်။ တစ်နေ့တွင် ဇနီးဖြစ်သူမှာ မျက်စိတစ်ဖက်၌ ညိုမည်းသော ဒဏ်ရာဖြင့် အလုပ်လာခဲ့သည်။ သူ၏ပြောပြချက်အရ တံခါးနှင့်မျက်နှာဆောင့်မိ၍ ဒဏ်ရာရသည်ဟုဆိုသည်။

"သို့သော် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများက အတွင်းသိနေသောကြောင့် ကျွန်မထံအကြောင်းကြားခဲ့ရာ ရှောင်တခင်ခွင့် နှစ်ရက်ပေးပြီး အိမ်သို့ပြန်စေပြီး အနားယူခိုင်းလိုက်သည်။ သူတို့ဇနီးမောင်နှံသည် တကျက်ကျက်ရန်ဖြစ်၍ ကွာရှင်းအံ့ဆဲဆဲတွင် ဆရာသမားတို့၏ ဆိုဆုံးမ နားချမှုကြောင့် ကွာရှင်းခြင်းမှ သီသီကလေး လွတ်သွားခဲ့သည်။ လင်မယားရန်ဖြစ်၍ ကွာရှင်းကြခြင်းသည် မကောင်းပေ။ ရန်ဖြစ်ခြင်းကို စကားနှင့် ပြေလည်အောင် ညှိနှိုင်း၍ရသည်" လို့ ရေးထားတာကို ဖတ်ရပါတယ်။

ရန်မဖြစ်တဲ့ အိမ်ထောင်ရေးဆိုတာ မရှိနိုင်ပါဘူးလို့တော့ အားလုံးကို သိမ်းကျုံးပြီး ပြောလို့မရနိုင်ပါဘူး။ ရန်မဖြစ်တဲ့ လင်မယားတွေ၊ တစ်နှစ်နေလို့ တစ်ခါလောက်သာ ကတောက်ကဆဖြစ်ရတဲ့ အိမ်ထောင်သည်တွေလည်း ရှိနေပါတယ်။

အမှန်တော့ လင်မယားတွေရန်ဖြစ်တယ်လို့ ပြောနေကြတာဟာ အငြင်းအခုံကြောင့်ဖြစ်ရတာ အမိကပြဿနာပါ။ စကားအချေအတင်ပြောရင်း

mgyoe.com

mgyoe.com


ငြင်းခုံမိကြတယ်။ ငြင်းခုံကြရာကနေ စိတ်တိုဒေါသတွေ ထွက်လာတယ်။ စကားခွန်းကြီး ခွန်းငယ် တုံ့ပြန်လာတယ်။ ဒေါသအရှိန်တက်လာတော့ စကားနဲ့တင် အားမရတော့ဘဲ လက်ပါလာတယ်။ နီးရာပစ္စည်း၊ တွေ့ကရာ ပစ္စည်းတွေ ကြားထဲက ဓားစာခံဖြစ်ရတယ်။ ကြောင်ရှိရင်လည်း ကြောင်ပါ အဆစ်ပါလာတယ်။ ကွဲသံ ခွဲသံ၊ ပေါက်သံပစ်ခတ်သံတွေနဲ့ ငိုသံတွေ ရောစွက်လာတယ်။ နှုတ်ကြမ်းသူတွေဆိုရင်တော့ ဆဲသံဆိုသံ၊ ကြိမ်းမောင်းသံ၊ ကျိန်စာတိုက်သံတွေလည်း ကြားရနိုင်ပါတယ်။ အသံတွေလည်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးနဲ့ အညှိုးတကြီး ဖြစ်နေကြပါတယ်။

ငြင်းခုံကြတယ်ဆိုတာ အခြေခံသဘောက သူ့အယူအဆမှန်တယ်၊ ငါ့အယူအဆမှန်တယ်၊ ငါ့ဆုံးဖြတ်ချက်မှ တိကျတယ်၊ လိုက်နာရမယ်၊ သူ့ဆုံးဖြတ်ချက်က ညံ့ဖျင်းတယ်၊ အသုံးမကျဘူး စတဲ့ သူ့ဘက်ကိုယ့်ဘက် ယက်ကြတဲ့ ကိစ္စတွေက အများစုဖြစ်နေပါတယ်ဆိုတာ ရန်ပွဲတွေကို လေ့လာရင် သိနိုင်ပါတယ်။

ပြီးတော့ လင်မယားကြား နယ်လုတဲ့ကိစ္စရှိပါသေးတယ်။ သူ့နယ် ကိုယ့်နယ်၊ သူ့မိဘကိုယ့်မိဘ၊ သူ့ဆွေမျိုးအသိုင်းအဝိုင်း၊ ကိုယ့်ဆွေမျိုး အသိုင်းအဝိုင်း၊ အားပြိုင်ကြတဲ့ ကိစ္စပါ။ သူ့ဘက်ကသာ အကောင်းချည်းပဲ စုပြုံနေတယ်၊ ကိုယ့်ဘက်ကသာ လူတော်လူကောင်း ဆွေကြီးမျိုးကြီး အစစ် အမှန်ဖြစ်တယ်ဆိုတဲ့ အားပြိုင်ကြတဲ့ကိစ္စပါ။ ဒါတွေဟာ သမီးရည်းစား ဘဝက ကြိုတင်ပြီး တွေးလာခဲ့ကြတာ မဟုတ်ပါဘူး။ ညားသွားပြီးကျရင် ဆွေမျိုးချင်းအားပြိုင်ကြမှာလား၊ မိဘချင်းအရည်အချင်းပြိုင်ကြမှာလား သူ့ဂုဏ် ကိုယ့်ဂုဏ် အပြိုင်အဆိုင်လုပ်နေကြဦးမလားဆိုတာ သမီးရည်းစား တော်တော်များများ စဉ်းကိုမစဉ်းစားခဲ့ကြပါဘူး။

ဒါတွေဟာ အိမ်ထောင်ကျပြီးသွားတော့မှသာ တစ်ယောက်အပေါ်တစ် ယောက် အထိအတွေ့သာယာမှုတွေကအစ ရိုးအီသွားကြပြီးတဲ့နောက်ပိုင်း ငြင်းပွဲခုံပွဲ၊ အားပြိုင်ပွဲတွေ တစ်စတစ်စ ပေါ်လာကြတော့တာပါ။ ဒီတော့ ဒါတွေရှိနေသရွေ့ လင်မယားရန်ပွဲဆိုတာ ရှိနေဦးမှာပါပဲ။ ရန်ဖြစ်ရင် လက် တွေပါနေကြဦးမှာပဲလို့ တွေးနေမိပါတော့တယ်။

mgyoe.com

mgypoe.com


**သားဖွားမီးယပ်အထူးကုတစ်ဦးပြောသော အနှိပ်စက်ခံအမျိုးသမီးများ**

ဆရာမကြီးဟာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးတစ်ဦး ပြောပြထားတဲ့ အနှိပ်စက်ခံရတဲ့ အမျိုးသမီးတွေအကြောင်းလည်း ရေးသား ဖော်ပြထားပါတယ်။ အဲဒီ ဆရာဝန်ကြီးဟာ ဒေါက်တာကာရိုလင်ဘရောင်းန် (အမ်ဒီ၊ အမ်ပီအိတ်ချ်) ဖြစ်ပါတယ်။ သားဖွားမီးယပ်ပါရဂူဖြစ်ပြီး အထူးကုဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်းရင်း သူတွေ့ကြုံခဲ့ရတဲ့ အမျိုးသမီးများအကြောင်းကို မှတ်ချက်ပြုထားတာ ဖြစ်ပါတယ်။ အဲဒီ အထူးကုဆရာဝန်ကြီး ကိုယ်တွေ့ကြုံရတဲ့အမျိုးသမီးတွေရဲ့ အခြေအနေက အောက်ပါအတိုင်းဖြစ်ပါတယ်။ ဆရာဝန်ကြီး မှတ်တမ်းတင်ထားတဲ့အတိုင်း ဖော်ပြလိုက်ပါတယ်။

- မျက်စိ၌အညိုအမည်းစွဲနေသော ဒဏ်ရာရှိသည်။ ယင်းဒဏ်ရာသည် တံခါးနှင့် ဆောင့်မိ၊ တိုက်မိခြင်းကြောင့်ရသော ဒဏ်ရာဖြစ်ကြောင်း ထပ်တလဲလဲပြောနေသူ အမျိုးသမီးတစ်ဦး၊
- ခင်ပွန်းဖြစ်သူသည် ပြောစရာစကားအားလုံးကို ဆရာဝန်အား တင်ပြပြောဆိုဆွေးနွေးနေစဉ် ဇနီးဖြစ်သူမှာ ခင်ပွန်းစကားပြောနေစဉ် ဝမ်းနည်းအားငယ်နေသည်။ ကတုန်ကယင်ဖြစ်နေသည်။ မျက်နှာကို အောက်စိုက်ချထားသည်။ ယင်းသို့ တိတ်ဆိတ်ငြိမ်သက်စွာ တုန်လှုပ်နေသော အမျိုးသမီးတစ်ဦး၊
- နှစ်စဉ် ကျန်းမာရေးစစ်ဆေးချက် ပုံမှန်ပြုလုပ်နေကျဖြစ်သော အမျိုးသမီးသည် ကျန်းမာရေးစစ်ဆေးချက်ပြုလုပ်ရန် ရောက်လာသည့်အခါတိုင်း သက်ပြင်းခဏခဏချနေတတ်သူ အမျိုးသမီးတစ်ဦး၊
- သည် အမျိုးသမီးကျပြန်တော့လည်း အရိုက်အနှက်ခံချင်နေသည်။ ကျွန်မကို သူရိုက်နှက်လိုက်ရင် အကောင်းသား၊ သူရိုက်ရင် ကျွန်မက တစ်စုံတစ်ရာ ပြန်တုံ့ပြန်နိုင်လိမ့်မယ်။ အခုတော့ ကျွန်မကို အမြဲတမ်းနှိမ့်ချပြောဆိုတဲ့ စကားလုံးတွေနဲ့ ထိုးနှက်ခံနေရတယ်။ သိက္ခာကျရပေါင်းလည်း မရေတွက်နိုင်တော့ဘူး။ သူနဲ့နေရတာ သိပ်ကျဉ်းကျပ်လွန်းပြီ၊ အခံရအခက်ဆုံးပါပဲဟု ပြောနေသူ အမျိုးသမီးတစ်ဦး။

သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးက သူတွေ့ကြုံရတဲ့ အနှိပ်စက်ခံ

mgypoe.com

mgyoe.com


အမျိုးသမီးတွေရဲ့အခြေအနေကို အချက်အလက်ထုတ်ပြထားတာပါ။ ဒါဟာ မျိုးတူရာကိုစုပြီး အချက်တွေဆွဲထုတ်ထားတာပါ။ ဦးရေ ဘယ်လောက်ရှိနေသလဲဆိုတာက မဖော်ပြတဲ့အတွက် မသိရပါဘူး။ ဒါမျိုးတွေဟာ နေ့စဉ်နဲ့ အမျှတွေ့နေရတဲ့ အမျိုးသမီး နှိပ်စက်မှုတွေပါပဲလို့ ထင်မိပါတယ်။

နောက်ဆက်တွဲအဖြစ် ဒေါက်တာဘရောင်းန် မှတ်ချက်ပြုထားတာ ရှိပါသေးတယ်။ နောက်ဆက်တွဲ ဖော်ပြရခြင်းဟာ အခြေအနေ ပိုဆိုးနေလို့ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် ဆိုးဆိုးဝါးဝါး ထူးထူးခြားခြားအဖြစ်အပျက်တွေမို့ သီးခြားခွဲထုတ်ဖော်ပြထားတာ ဖြစ်နိုင်ပါတယ်။ သူပြောပြထားတာက–

အချို့သော အမျိုးသမီးများက သူတို့ခင်ပွန်းများသည် သူတို့အလွန်ဆိုးကြောင်း အပြောခံရသည်ဟု ပြန်ပြောကြသည်။ အချို့အမျိုးသမီးများသည် ခင်ပွန်းသည် ရိုက်နှက်မှုကြောင့် အရိုးများကျိုးသွားရဖူးခြင်းရှိသည်။ အချို့သော အမျိုးသမီးများမှာမူ မျက်နှာတွင် ဖူးရောင်သော၁ဒဏ်ရာ၊ ညိုမည်းသောဒဏ်ရာများနှင့် ရှိနေသည်။ အချို့သော အမျိုးသမီးများမှာ အကြိမ်ကြိမ်အခါခါ အရိုက်အနှက်ခံကြရပြီး သူတို့၏ ကိုယ်ပိုင်မာနကို ရိုက်ချိုးဖိနှိပ်ခံနေရခြင်းများ နေ့စဉ်နှင့်အမျှ ခံနေကြရသည်လည်းရှိသည်လို့ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

အိမ်ထောင်သည် အမျိုးသမီးတွေ အနှိပ်စက်ခံရခြင်းဟာ လူမျိုးဘာသာ၊ အသားအရောင်မခွဲခြား၊ တိုင်းပြည်ရေမြေမခွဲခြား ဖြစ်နေကြပါတယ်။ ဒါဟာ အိမ်ထောင်ရေးရဲ့ ထောင်ချောက်လား၊ ဒါမှမဟုတ် အိမ်ထောင်ရေးကျိန်စာ သင့်ခြင်းများလားလို့လည်း အမျိုးသမီးတွေဘက်က ရင်နာနာနဲ့ စဉ်းစားနိုင်ပါတယ်။

တစ်ခုဆိုးတာက ရှေးဟောင်းအကျင့်ဆိုး အတွေးအခေါ်ဆိုးတွေပါ။ အဲဒါမျိုးကျတော့ မြန်မာပြည်က ရှေးလူကြီးတွေ မှတ်ချက်စကားတစ်ခု နဲ့တင်လုံလောက်နေပါပြီ။ ရှေးလူကြီးသူမတချို့က အိမ်ထောင်ရေး အဆင်မပြေသူ၊ အိမ်ထောင်ရေးမှာ ချိုးချိုးနှိမ်နှိမ် ဖိနှိပ်ခံရသူ အမျိုးသမီးတွေကို လင်ရ ကံဆိုးတယ်၊ လင်ကံမကောင်းရှာတော့လည်း နှိပ်စက်ခံရတာပေါ့လေလို့ ကံကိုပုံချပြီး အဓိကတရားခံကို မေ့မှိန်ဖုံးကွယ်ထားတတ်ကြပါတယ်။

mgyoe.com

တစ်ခုတော့ ကောင်းကွက်ရှာပြောရင် ရပါတယ်။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးဆိုတဲ့ အမှုကိစ္စတွေဟာ နောင်ပြင်နိုင်ဖို့ ခက်ခဲတဲ့အတွက် အိမ်ထောင်ဖက်ရွေးချယ်တဲ့အခါ လင်ဆိုးမယားတဖားဖားမဖြစ်ရလေအောင် သတိပေးတာမျိုးပါလို့လည်း အကောင်းဘက်က တွေးနိုင်ပါတယ်။

အိမ်ထောင်သည်အမျိုးသမီးတွေ ယောကျ်ားရဲ့ နှိပ်စက်ခံရခြင်း အဖြစ်တွေကို တွေးကြည့်ရင် အဓိကတရားခံက အိမ်ထောင်သည်ယောကျ်ားပါပဲ။ ဇနီးသည် ဘယ်လောက်ဆိုးဆိုး၊ ဘယ်လောက်ညံ့ညံ့၊ ဘယ်လောက်ဖျင်းဖျင်း မိမိနှိပ်စက်ရင် ခံရမှာက ဇနီးသည်ပါပဲ။ မိမိရိုက်နှက်လို့ ကျိုးကျေသွားရင်လည်း ရိုက်နှက်သူဟာ မိမိပါပဲ။ မိမိလက်မပါ ခြေထောက်မပါရင် ဇနီးသည်မှာ နာကျင်ကြေကွဲစရာ မရှိပါဘူး။

အမှန်တော့ ငါဟာယောကျ်ား၊ ငါဟာ အိမ်ဦးနတ်၊ ငါဟာ အရှင် သခင်၊ ငါဟာ ငွေရှာပေးနေတဲ့သူဆိုတဲ့ အလွဲတကာ့အလွဲဆုံးမာနတွေ နဲ့ ယောကျ်ားဖြစ်သူဟာ မိန်းမကို စက်ရုပ်သဘော၊ သက်မဲ့သဘော၊ လက်အောက်ငယ်သားအစေအခိုင်း၊ ကျွန်သဘောထားနေကြလို့သာ နှိပ်စက်ခံ အိမ်ထောင်သည် အမျိုးသမီးတွေ ရှိနေရတာပါလို့ ရဲရဲပြောလိုက်ပါရစေ။

**နှိပ်စက်အနိုင်ကျင့်ခံရသော အတွေ့အကြုံရှိဖူးသလား**

ဆရာမကြီးက ဒေါက်တာဘရောင်းန်ရဲ့ သုတေသနပြုချက်တွေ အကြောင်း ဆက်လက်တင်ပြထားပါတယ်။ ဒေါက်တာဘရောင်းန်ဟာ သူ ဆေးကုပေးရတဲ့ အမျိုးသမီးတွေနဲ့ တွေ့ဆုံတိုင်း သူ့သုတေသနလုပ်ငန်း အတွက် အချက်အလက်ကောက်ယူပါတယ်။ လိုအပ်တဲ့ မေးခွန်းလေးတွေ မေးပါတယ်။

အဲဒီ မေးခဲ့တဲ့မေးခွန်းထဲမှာ အမျိုးသမီးတိုင်းကို မပေးမဖြစ်ပေးခဲ့တဲ့ မေးခွန်းတစ်ခုရှိပါတယ်။ အဲဒီမေးခွန်းကို လူသားတို့သိက္ခာဏာအရ၊ ဆေးပညာရှင်ကျင့်ဝတ်အရ အသင့်တော်ဆုံးသော ယဉ်ကျေးပျူငှာသိမ်မွေ့စွာနဲ့ မေးခဲ့ပါတယ်လို့ ဆိုထားပါတယ်။ အဲဒီမေးခွန်းက "ရက်ရက်စက်စက် နှိပ်စက်အနိုင်ကျင့်ခံရတဲ့ အတွေ့အကြုံများရှိခဲ့ဖူးပါသလား" ဆိုတာပဲဖြစ်

mgyjge.com

mgyoe.com


ပါတယ်။

အိမ်ထောင်သည်အမျိုးသမီးတွေ ဒီမေးခွန်းမျိုးမေးလာခဲ့ရင် အနည်းနဲ့ အများတော့ အောင့်သက်သက် ဖြစ်သွားနိုင်ပါတယ်။ နည်းနည်းလည်း တွေဝေသွားနိုင်ပါတယ်။ ဒီမေးခွန်းမျိုးက အမျိုးသမီးရဲ့ဂုဏ်သိက္ခာ၊ အိမ်ထောင်ရေးနဲ့ အဆင့်အတန်း၊ အိမ်ထောင်ဦးစီးရဲ့ ဂုဏ်သိက္ခာနဲ့အဖြေမတတ်ရင် အပုပ်ချတဲ့ကိန်း ဆိုက်သွားနိုင်ပါတယ်။

ဒေါက်တာဘရောင်းန်ဟာ ဒီမေးခွန်းကို မမေးမီ အရင်ဆုံးရှင်းလင်းချက်တစ်ခုပြောကြားထားခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန်အမျိုးသမီးတွေဟာ ဘဝတစ်လျှောက်လုံးမှာ သူတို့အိမ်ထောင်သက်ကာလတစ်လျှောက် တစ်ကြိမ်တစ်ခါလောက်တော့ နှိပ်စက်အနိုင်ကျင့်တာ ခံခဲ့ရဖူးတယ်၊ တွေ့ကြုံရင်ဆိုင်ခဲ့ရဖူးတယ်လို့ ကြိုပြောထားခဲ့ပါတယ်။

ဒီတော့ အမေးခံရတဲ့ အိမ်ထောင်သည်အမျိုးသမီးတွေအဖို့လည်း အမျိုးသမီး ၁၀၀ မှာ အယောက် ၆၀ လောက်က နှိပ်စက်အနိုင်ကျင့်ခံရဖူးတယ်ဆိုတော့ တကယ်လို့များ အဲဒီအမျိုးသမီးမှာ နှိပ်စက်အနိုင်ကျင့်တာ ခံရခဲ့ဖူးရင် ငါ့တစ်ယောက်တည်း ဒါမျိုးဖြစ်နေတာမဟုတ်ဘူး၊ တခြားအမျိုးသမီး တော်တော်များများ ဒါမျိုးကြုံဖူးကြပါလား၊ ကြုံနေကြပါလားဆိုပြီး အဖော်ရသွားစေတဲ့အတွက် မေးခွန်းကို အမှန်အတိုင်းဖြေပါလိမ့်မယ်။ ဒါဟာ သုတေသနရဲ့ လျှို့ဝှက်ချက်များဖြစ်နေမလားပဲ။

ဒီတော့ ဒေါက်တာဘရောင်းန်မေးခွန်းကို တုံ့ပြန်တဲ့ရလဒ်ကတော့ အလွန်ကိုကြီးမားပါတယ်။ မေးမိတဲ့အမျိုးသမီးတိုင်းလိုလိုက ခံခဲ့ရဖူးကြောင်း အဖြေပေးကြတယ်လို့ ဆိုပါတယ်။ ဒီပြင်လည်း ဒေါက်တာ ဘရောင်းန် မှတ်ချက်ထုတ်ထားတာရှိပါသေးတယ်။

- တစ်ခါတစ်ရံ အချို့အမျိုးသမီးများ ဒေါသပေါက်ကွဲသွားပြီး ငိုတတ်ကြသည်။ နှိပ်စက်အနိုင်ကျင့်ခံခဲ့ဖူးသည်ကို ပြန်လည်တွေးတောမိသွား၍ဖြစ်သည်။
- တစ်ခါတစ်ရံ အချို့အမျိုးသမီးများက ပထမတစ်ကြိမ်မှာ ငြင်းဆန်ပြီး ပြန်သွားကြသည်။ နောက်တစ်ကြိမ်တွင် အမှန်အတိုင်း ဖွင့်ဟဝန်ခံပြောပြလေ့ရှိသည်။

mgyoe.com

mgyoe.com


- တစ်ခါတစ်ရံ အချို့အမျိုးသမီးများသည် ဤမေးခွန်းမေးမြန်းခြင်းဖြင့် သူတို့ဆေးကုသမှုခံယူရန် အားပေးကူညီရာရောက်သွားသည်။
- တစ်ခါတစ်ရံ အချို့အမျိုးသမီးများက ပြောကြသည်။ ယခင်က ယင်းမေးခွန်းမျိုး မည်သူတစ်ဦးတစ်ယောက်ကမျှ မမေးဖူးကြပါ။ သူတို့လည်း မေ့မေ့ပျောက်ပျောက် မေ့ထားလိုက်သည်ဟုဆိုသည်။

နောက်ဆုံးမှာ ဒေါက်တာဘရောင်းန်ရဲ့ မှတ်ချက်တစ်ခုက အရေးပါအရာရောက်သွားပါတယ်။ "ယင်းမေးခွန်းနှင့် ပတ်သက်၍ အမေးခံရသောအမျိုးသမီးတိုင်း တစ်ယောက်ကမှ စိတ်ဆိုးဒေါသထွက်သွားခြင်းမျိုး ကျွန်တော် တစ်ခါဖူးမှမတွေ့ရပါချေ" ဆိုတာပဲ ဖြစ်ပါတယ်။

တချို့ဆရာဝန်တွေကတော့ အမျိုးသမီးတွေ အိမ်တွင်းအကြမ်းဖက်ခံရခြင်း၊ နှိပ်စက်အနိုင်ကျင့်ခံရခြင်းတွေဟာ "လင်မယားကြားဝင်မပါနဲ့" ဆိုတဲ့တားမြစ်ချက်နဲ့ အနေသာကြီးလုပ်နေလို့ မရတော့ပါဘူး။ အနီးပတ်ဝန်းကျင်လူတွေက ဝိုင်းဝန်းထိန်းသိမ်းပေးရမှာ ဖြစ်သလို၊ ဆေးခန်းတွေကဆရာဝန်တွေကလည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေကို ဝိုင်းဝန်းအဖတ်ဆယ်ကုသပေးကြရမယ် ဖြစ်ပါတယ်။ အမျိုးသမီးတွေရဲ့ ဘဝမှာလည်းလွတ်လပ်ခွင့်ရှိပါတယ်။ လူ့အခွင့်အရေး အပြည့်အဝရှိပါတယ်။ လွတ်လပ်စွာ တွေးခေါ်အောင်မြင်ပြီး လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ကို အိမ်ထောင်ရေးဘဝတစ်လျှောက်မှာ အခွင့်ပေးထားရပါမယ်။ အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေသီးသန့် ရှိပါတယ်။ အသုံးပြုမှုနည်းလွန်းပြီး တိမ်မြုပ်ပျောက်ကွယ်သယောင် ဖြစ်နေပါတယ်။

အများအားဖြင့် အိမ်ထောင်သည်အမျိုးသမီးအတော်များများဟာ အရက်နဲ့သိက္ခာကို ငဲ့လွန်းခြင်း၊ လင်ယောကျ်ားကို ဦးထိပ်ထားလွန်းခြင်း၊ သားသမီးမျက်နှာကို ငဲ့ညှာလွန်းခြင်း၊ မိမိသာ အနစ်နာခံမည်ဟု ဘဝကိုပစ်ချလွန်ခြင်း၊ ကံစီမံရာအတိုင်းသာဟု အိမ်ထောင်ရေးကို မျက်စိစုံမှိတ်လွန်းခြင်း၊ မိရိုးဖလာရိုးရာအတိုင်း လည်စင်းလွန်းခြင်း စတာတွေကြောင့်အိမ်တွင်းအကြမ်းဖက်နှိပ်စက်အနိုင်ကျင့်မှုများ တိုးပွားလာနေရတယ်လို့မြင်မိပါတော့တယ်။

mgyoe.com

mgyoe.com


**အိမ်တွင်းအကြမ်းဖက်ခြင်းဆိုသည်မှာ**

အိမ်တွင်းအကြမ်းဖက်ခြင်းကို Domestic Violene လို့ ခေါ်ပါတယ်။ အဲဒါက ဇနီး၊ သို့မဟုတ် ခင်ပွန်းတစ်ဦးဦးအား နှိပ်စက်ညှဉ်းပန်းခြင်း၊ သို့မဟုတ် ဇနီးအား ထပ်တလဲလဲရိုက်နှက်ခြင်းတွေဟာ အိမ်တွင်းအကြမ်းဖက်ခြင်းတွေပါပဲ။

အမေရိကန်နိုင်ငံမှာ အသက် ၁၅ နှစ်ကနေ ၄၄ နှစ်အတွင်း အမျိုးသမီးအများစု ဒဏ်ရာအနာတရ ရစေတဲ့ တစ်ခုတည်းသော အကြောင်းအရာက အဲဒီအိမ်တွင်းအကြမ်းဖက်မှုကြောင့် ဖြစ်ရတာလို့ ဆိုပါတယ်။ အမျိုးသမီးတွေ လုယက်တိုက်ခိုက်ခံရတာတွေ၊ မတော်တဆ ကားအက်ဆီးဒင့်ဖြစ်ရတာတွေနဲ့ အဓမ္မပြုကျင့်ခံရတာတွေကို စုပေါင်းထားတာထက် စာရင် အိမ်တွင်းအကြမ်းဖက်မှုကြောင့် အနာတရဖြစ်ရတာတွေက အကြီးမားဆုံးဖြစ်ပေါ်နေပါတယ်လို့ စာရင်းတွေက ဆိုနေပါတယ်။

အမေရိကန်မှာ နှစ်စဉ်အမျိုးသမီးနှစ်သန်းအထိဟာ အိမ်တွင်းအကြမ်းဖက်မှုကြောင့် ထပ်တလဲလဲ ရိုက်နှက်ခံရခြင်း ဒဏ်ခံနေရတယ်လို့လည်း ဆိုထားပါတယ်။ နှစ်စဉ်လည်း အမျိုးသမီးနှစ်ထောင်ကျော်ဟာ ဒဏ်ရာတွေကြောင့် သေဆုံးရတာတွေလည်း ရှိနေပါတယ်လို့ ဆိုပါတယ်။

ပြီးတော့ သုတေသနရလဒ်တွေအရ ဆိုထားသေးတာက အိမ်တွင်းအကြမ်းဖက်မှုခံရတာတွေဟာ အိမ်ထောင်ရှင်အမျိုးသမီးတွေသာမကဘဲ ကလေးငယ်တွေလည်း ရိုက်နှက် ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရပါသေးတယ်လို့ ဆိုထားပါတယ်။

အိမ်တွင်းအကြမ်းဖက်တတ်တဲ့ ယောကျ်ားတွေဟာ မိမိဇနီးမယားကို ရိုက်နှက် ညှဉ်းပန်းနှိပ်စက်တတ်ကြပါတယ်လို့ ဆိုပါတယ်။ အဲဒီ ယောကျ်ားတွေဟာ ၄၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်း ရှိတတ်ပါတယ်။ အဲဒီလို အိမ်တွင်းအကြမ်းဖက်ခံရတဲ့ ကလေးငယ်တွေဟာ အသက်အရွယ် အဆင့်အတန်းမရွေး ဖြစ်ပွားတတ်တယ်လို့လည်း ဆိုထားပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုဆိုတာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ထပ်တလဲလဲရိုက်နှက်ခြင်း စတာတွေကို ယေဘုယျသတ်မှတ်ထားတာပါ။ အဲဒါတွေအပြင် ပါးရိုက်ခြင်း၊ လက်သီးနှင့်ထိုးခြင်း၊ ခြေထောက်နှင့်ကန်ကျောက်

mgyoe.com

mgyee.com


ခြင်း၊ ကိုယ်ထိလက်ရောက် ဆောင့်တွန်းခြင်း၊ တွန်းချခြင်း၊ အရာဝတ္ထုပစ္စည်းများနှင့် ကောက်ပေါက်ခြင်း၊ အရာဝတ္ထုတစ်ခုခုနှင့် ထိုးခြင်း၊ ရိုက်ခြင်း၊ ဦးခေါင်းကိုနံရံနှင့် ဆောင့်ခြင်း၊ တရွတ်ဆွဲခြင်းစတဲ့ ကိုယ်ခန္ဓာအား နာကျင်စေတဲ့ အပြုအမူအားလုံးပါဝင်တာတွေဟာ အိမ်တွင်းအကြမ်းဖက်မှုတွေပါပဲ။

ဒါနဲ့တင်ပြီးပြီလားဆိုတော့ မပြီးသေးပါဘူး။ အိမ်တွင်းအကြမ်းဖက်မှုတွေထဲမှာ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနဲ့ ကိုယ်ဟန်အပြုအမူဆိုင်ရာ နည်းလမ်းပေါင်းစုံနဲ့သုံးပြီး လူတစ်ဦးကို ခြိမ်းခြောက်ခြင်း၊ လူတစ်ဦးအား ထိန်းချုပ်စိုးမိုးရန် ကြံရွယ်ခြင်း စတာတွေလည်း ပါဝင်ပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုတွေ အများဆုံးခံရလေ့ရှိတာ အမျိုးသမီးတွေပဲဖြစ်ပါတယ်။ ဒါပေမယ့် အမျိုးသားတွေလည်းခံရတာမျိုး ရှိနေပါသေးတယ်။ အိမ်တွင်းအကြမ်းဖက်ခြင်း ခံရတာတွေမှာ ၉၀ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းက အမျိုးသားတွေနဲ့ ကလေးငယ်တွေဖြစ်ကြပါတယ်လို့ စစ်တမ်းတွေက ဖော်ပြနေပါတယ်။

### ညှဉ်းပန်းနှိပ်စက်ခြင်းပုံစံအမျိုးမျိုး

အမျိုးသမီးတွေ အိမ်တွင်းအကြမ်းဖက်မှုကြောင့် ပုံစံအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းခံနေရပါတယ်။ အဲဒီအမျိုးမျိုးသော ပုံစံတွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) အမျိုးသမီးတစ်ဦး ဆန္ဒမပါ၊ မပြုလိုသော ကိစ္စများကို ဇွတ်အတင်းခိုင်းစေခြင်း၊ (လိင်ကိစ္စနေပေးရန်လည်း ပါဝင်သည်)

(၂) လက်နက်တစ်ခုခုပြ၍ ခြိမ်းခြောက်ခြင်း၊

(၃) အမျိုးသမီးတစ်ဦး ဆေးကုသမှုခံယူရန် ကြိုးစားအားထုတ်ခြင်းကို ငြင်းဆန်ခြင်း၊ ပိတ်ပင်ခြင်း၊ တားဆီးခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ချုပ်လှောင်ထားခြင်း၊

(၄) အမျိုးသမီးတစ်ဦးပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း၊ (လိုလားကြည်သာစဉ်ကာလက ကြည်ဖြူစွာဝယ်ပေး၊ လက်ဆောင်ပေးထားသောပစ္စည်းများကို ဖျက်ဆီးခြင်းလည်း

mgyee.com

အကျုံးဝင်သည်)

(၅) အမျိုးသမီး၏အလုပ်ကို နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း၊ ဒုက္ခမျိုးစုံပေးခြင်း၊

(၆) အမျိုးသမီး အပြင်ထွက်သွားလာခြင်းကို နောက်မှလိုက်လံ ချောင်းမြောင်းခြင်း၊ နှောင့်ယှက်ခြင်း၊

(၇) ငွေရေးကြေးရေးကို ဆုပ်ကိုင်ထားခြင်းဖြင့် အမျိုးသမီးအား ငွေလက်မဲ့ဖြစ်အောင် လုပ်ခြင်း၊

(၈) အမျိုးသမီး၏ မိဘဆွေမျိုးညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေများအား အဆက်ဖြတ်လိုက်ခြင်း၊

(၉) အမျိုးသမီးအား အခေါ်အဝေါ်မျိုးစုံဖြင့် နာမည်တပ် လှောင်ပြောင်သရော်ခြင်း၊ ဂုဏ်သိက္ခာချခြင်း၊

(၁၀) စကားလုံးများ၊ အကြောင်းအရာများဖြင့် ခြိမ်းခြောက်ခြင်း၊

(၁၁) နည်းမျိုးစုံဖြင့် လိမ်ညာပြောဆိုပြီး စိတ်ဆင်းရဲစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်း၊

(၁၂) လူပုံအလယ်တွင် အရှက်ရစေရန် သိက္ခာချခြင်း၊ အရှက်တကွဲ ရစေခြင်း၊

(၁၃) အမျိုးသမီး ညှဉ်းပန်းနှိပ်စက် ရိုက်နှက်ခံရခြင်းသည် ထိုအပြစ်နှင့်သာ ထိုက်တန်သည်ဟု ပြောဆိုခြင်းစတာတွေ ဖြစ်ပါတယ်။

## အိမ်တွင်းအကြမ်းဖက်ခံရမှုမှ ရုန်းမထွက်နိုင်ခြင်း

အိမ်တွင်းအကြမ်းဖက်မှုမှာ ရာခိုင်နှုန်း ၂၅ ကနေ ၅၀ အထိသော အမျိုးသားတွေဟာ မူးယစ်ဆေးဝါးကြောင့် အကြမ်းဖက်နေကြတာလို့ ဆိုပါတယ်။ ဆိုလိုတာက အိမ်တွင်းအကြမ်းဖက်တတ်သူ အမျိုးသား ၁၀ ယောက်ရှိရင် လေးယောက် သို့မဟုတ် ငါးယောက်ဟာ မူးယစ်ဆေးဝါး တစ်မျိုးမျိုးသုံးစွဲထားလို့ ဖြစ်ရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဒါဟာ မူးယစ်ဆေးဝါးကြောင့် အိမ်တွင်း အကြမ်းဖက်ရတာပါလို့ မူးယစ်ဆေးဝါးအပေါ် အပြစ်ပုံချတာမဟုတ်ပါဘူး။ အကြမ်းဖက်သူယောကျ်ားဟာလည်း မူးယစ်ဆေးဝါးကို အကာအကွယ်ယူပြီး မနှောင့်ယှက်သင့်ပါဘူး။

mgyoe.com

mgyoe.com


မူးယစ်ဆေးဝါးဆိုရာမှာ အရက်သေစာလည်းပါဝင်တယ်။ အရက်သောက်ထားတဲ့ ယောကျ်ားတွေဟာ မူးနေတုန်းမို့ အကြမ်းဖက်မိတယ်။ မူးနေလို့ရိုက်မိတာ၊ ထိုးမိတာ၊ ကန်ကျောက်မိတာ၊ နာကျင်အောင်ပြောခဲ့မိတာဆိုပြီး အကာကွယ်ယူတတ်ကြပါတယ်။ မူးနေလို့သာဆိုတယ်၊ အကြမ်းဖက်ခံရတာက ဆေးရုံမရောက်ရုံတစ်မယ်ပါပဲ။ ဒါကို မိန်းမတွေကလည်း သိပါတယ်။ ပြဿနာရှာချင်ပြီဆို ယောကျ်ားတွေဟာ အရက်ကို မဖြစ်မနေ သောက်ကိုသောက်လာကြတယ်လေ။ သူရဲဘောကြောင်တဲ့ ယောကျ်ားတွေပေါ့။ ဒီတော့ မိမိတို့ယောကျ်ားတွေဟာ အရက်၊ ဒါမှမဟုတ် မူးယစ်ဆေးဝါးသုံးစွဲတတ်တဲ့ အကျင့်ရှိနေတယ်၊ စွဲနေတယ်ဆိုရင် အဲဒီ မိန်းမသားတွေခမျာ အကြမ်းဖက်ခံရမှု ပိုများနေမှာပါလို့ သုတေသနတွေကတော့ ဖော်ပြနေပါတယ်။

ဒီလိုဆိုရင် ဒီလောက်အိမ်တွင်းအကြမ်းဖက်ခံနေရသေးတာတောင် ဘာဖြစ်လို့များ ငုံ့ခံနေရသလဲ၊ လွတ်အောင် မရုန်းထွက်နိုင်ရတာလဲ သို့မဟုတ် ပြန်ခံလုပ်ပါလား၊ သူသေကိုယ်သေပေါ့လို့ အရပ်ထဲမှာတော့ ဒီလို မခံချိမခံသာစိတ်နဲ့ ပြောနေတတ်ကြပါတယ်။ အနည်းဆုံး သားသမီးသောဘာသော ညာသောတွေ ခဏဘေးဖယ်ထားပြီး ဒီလောက်နှိပ်စက်တဲ့ ယောကျ်ားနဲ့ကွာရှင်းပြီး နေလိုက်တာက အကောင်းဆုံးပဲလို့ အကြံလည်း ပေးတတ်ကြပါတယ်။

ဟုတ်ပါတယ်၊ သွေးပူတုန်း စဉ်းစားရင် ဒီအဖြေပဲထွက်ပါလိမ့်မယ်။ ဒါပေမဲ့ ကောင်းစေချင်တဲ့ ဒေါသမနုဿနဲ့ပေးတဲ့ အကြံတွေဟာ လင်မယား ဆိုတဲ့ သံယောဇဉ်ကြိုးကြောင့် ပျက်ပြယ်ရတာတွေလည်း ရှိပါတယ်။ တကယ်တမ်းတော့ လင်မယားကွာရှင်းကြတယ်ဆိုတာ လင်နဲ့မယားပေါင်းသင်းနေထိုင်ခြင်းရပ်စဲပြီး ကွဲကွာသွားကြတယ်လို့သာ လူတွေကမြင်နေကြတာ၊ ကွာရှင်းခြင်းရဲ့ နောက်ကွယ်မှာ ရှင်းရလင်းရတဲ့အရှုပ်တွေက များလှပါတယ်။ လင်မယားကွာရှင်းဖို့ အရင်ဆုံးလုပ်ရတာက ရပ်ကွက်ရုံး သွားရမယ်၊ ဒါမှမဟုတ် တရားရုံးသွားရမယ်။ လျှောက်ထားရမယ်။ ပြီးရင် ပစ္စည်းခန်းရှင်းရမယ်။ ပြီးရင် သားသမီးရှိရင် သားသမီးတွေ ပိုင်ဆိုင်ခွင့် အရေးဆိုရမယ်။ ပစ္စည်းခန်းခွဲရတာက လွယ်နိုင်ပါတယ်။ သားသမီးပိုင်ဆိုင်ခွင့်

mgyoe.com

mgyoe.com

အုပ်ထိန်းခွင့်ရဖို့ခွဲရတာက အခက်ဆုံးဖြစ်ပါတယ်။

ဆရာမကြီးကတော့ အိမ်တွင်းအကြမ်းဖက်မှုစက်ဝန်းဆိုပြီး ဒီလိုရေးသားထားတာကို ဖတ်ရပါတယ်။

"စေတနာဖြင့် အကြံကောင်းပေးလိုသူများက မေးမြန်းကြပါသည်။ ဘာဖြစ်လို့ သူ့ကိုလွှတ်ပြီး အပြီးတိုင်ထွက်ခွာမသွားတာလဲဟူ၍ဖြစ်သည်။ ကူမယ့် ကယ်မယ့်သူမရှိ၊ ထောင်ချောက်ထဲ ပိတ်မိနေခြင်းဟူသော ဒုက္ခခံနေရသူ၏ ခံစားချက်ကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်ဆိုင်မှုမရှိသည့် တစ်ဦးတစ်ယောက်သောသူအဖို့ မည်သို့မျှနားလည် သဘောပေါက်နိုင်စွမ်းရှိမည်မဟုတ်ပေ။ ပေါင်းသင်းဆက်ဆံစတွင် ပြောပလောက်သော ညှဉ်းပန်းနှိပ်စက်ခြင်းသည် မဖြစ်တတ်ပေ။ လူနှစ်ဦးကြား ရင်းနှီးကျွမ်းဝင်မှုဖြစ်လာ၍ စိတ်လှုပ်ရှားမှု ခံစားတတ်ခြင်းဖြင့် သံယောဇဉ်အနှောင်အဖွဲ့ဖြစ်လာရာ နောက်ပိုင်းတွင်မှ ဖြစ်တတ်ပေသည်။ ထိုအခါတစ်ညတွင် ငြင်းခုံနေစဉ် ခင်ပွန်းဖြစ်သူက ဇနီးသည်အား ညစ်ညမ်းသောနာမည်အမျိုးမျိုးဖြင့် ဆဲရေးတိုင်းထွာခေါ်ဆိုပြီး ပါးချတတ်လေသည်။ လအနည်းငယ်ကြာသောအခါ ယင်းသို့ ထပ်မံဖြစ်တတ်ပေရာ ရက်သတ္တပတ်အနည်းငယ်ကြာလျှင် ပြန်ဖြစ်လာရာမှ ပိုပြီးပုံမှန်ဖြစ်လာပေသည်။

"ထိုသို့ ဖြစ်ပျက်လေတိုင်း ယောကျာ်းသားမှာ ဝမ်းနည်းခြင်းများစွာဖြင့် ဝန်ချတောင်းပန်လေ့ရှိသည်။ နောက်နောင်တွင် မဖြစ်စေရပါဟူ၍ အမျိုးမျိုးသောကတိခံဝန်ချက်ကို ပေးတတ်ကြလေသည်။ တချို့က အကြောင်းပြချက်အမျိုးမျိုးဖြင့် ဆင်ခြင်ပေးတတ်ကြသည်။ အရက်သောက်များ၍ အမူးလွန်သွားခြင်း၊ အလုပ်ခွင်တွင် ဖိစီးမှုများလွန်းခြင်း သို့မဟုတ် ဇနီး၏ပြန်ပြောဆိုမှုကြောင့် စိတ်တိုဒေါသထွက်သွားခြင်းဟူ၍ ဆင်ခြင်ပေးတတ်ကြသည်။ အလွန်ဆိုးဝါးသော အခြေအနေမှာ မျှော်လင့်ချက်ထားပြီး သူ၏ပြောဆိုသော စကားများကို ယုံကြည်မိခြင်းဖြစ်သည်။ စိတ်လှုပ်ရှားခံစားမှုများစွာဖြင့် ဖန်တီးတည်ဆောက်ခဲ့ရသော အိမ်ထောင်ရေး၊ ရင်းနှီးမြှုပ်နှံခဲ့ရသော ဆက်ဆံရေး၊ ငွေရေးကြေးရေးနှင့် ပတ်သက်နေမှုများနှင့် တခြားအနှောင်အဖွဲ့များဖြစ်သည့်ကလေးများ သို့မဟုတ် ရပ်ကွက်အတွင်း လူမှုရေးအဆင့်အတန်းအရ ရပ်တည်နိုင်မှုတို့ကြောင့် အမျိုးသမီးများ အိမ်တွင်းအကြမ်း

mgyoe.com

mgyoe.com

ဖက်မှုစက်ဝန်းမှ ရုန်းမထွက်နိုင်ဖြစ်ရတော့သည်" လို့ ရေးထားပါတယ်။

**အိမ်တွင်းအကြမ်းဖက်မှုများမှ ရုန်းထွက်နိုင်ရေး**

အိမ်တွင်းအကြမ်းဖက်ခံရတဲ့အမျိုးသမီးတွေ အဲဒီလိုအကြမ်းဖက် သံသရာလည်နေစေရတဲ့ ထောင်ချောက်တွေကလည်း ရှိနေပြန်ပါသေးတယ်။ အဲဒါဟာ အမျိုးသမီးတွေရဲ့ အားနည်းချက်ကြောင့် ကိုယ့်ဘာသာကိုယ်ပြန်ထောင်ချောက်မိနေတာများလားလို့ ဝေဖန်ရင် အမျိုးသမီးတွေဘက်က ရပ်တည်ရာမကျဘဲ နှိမ်ရာကျသွားနိုင်ပါတယ်။

ဆရာမကြီးကတော့ မိမိကိုယ်မိမိ ထောင်ချောက်ပြန်မိသွားစေတဲ့ အကြောင်းတွေ ဆွေးနွေးရေးပြထားပါတယ်။ အဲဒါကို အချက်အလက်အနေနဲ့ ကောက်နုတ်တင်ပြချင်ပါသည်။

- ❑ ခင်ပွန်းသည်သည် မိမိအားအပြစ်ရှိကြောင်း စွပ်စွဲပြောဆိုချက်များကို ဇနီးသည်က စတင်ယုံကြည်လာတတ်ခြင်း။
- ❑ ခင်ပွန်းသည်ပြောဆိုပြုမူပုံများသည် မိမိအမှန်တကယ်အပြစ်ရှိနေ၍ မိမိသည် အမှန်တကယ် အပြစ်တင်ထိုက်သူဖြစ်ကြောင်း ယုံကြည်လာခြင်း။
- ❑ မိမိသည် အပြစ်ရှိသူအခြေအနေသို့ ရောက်သွားခြင်းအတွက် ဇနီးသည်သည် ပို၍ ရှက်စိတ်ပိုလာပြီး အပြစ်ရှိသူဟု ပိုမြင်လာခြင်း။
- ❑ မိမိအပြစ်များအား ချေဖျက်ရန် ခင်ပွန်းသည်စိတ်တိုင်းကျအောင် အမျိုးမျိုးကြိုးစားနေထိုင်ပြုမူ လုပ်ကိုင်ပေးပါသော်လည်း ခင်ပွန်းသည်၏ ယုံကြည်မှုကို မရရှိခြင်း၊
- ❑ မိမိ၏လုပ်ဆောင်ချက်များတွင် မည်သည့်အချက်က ခင်ပွန်းသည်အား ပုံမှန်မဟုတ်သော စိတ်မကြည်လင်မှုဖြစ်စေသည်ကို ဇနီးသည်သိရှိရန် အခက်အခဲဖြစ်နေခြင်း။

ဆိုတဲ့အချက်တွေကို ရလိုက်ပါတယ်။ ဒီအချက်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုသံသရာလည်စေတဲ့ ထောင်ချောက်အချက်တွေပါပဲ။ ဒီအချက်တွေနဲ့ပဲ ဇနီးသည်ဟာ ခင်ပွန်းရဲ့ နှိပ်စက်ခြင်းသံသရာမှာ တဝဲ လည်လည်ဖြစ်နေရပြီး ဒီသံသရာစက်ဝန်းထဲက ရုန်းမထွက်နိုင်ဖြစ်နေရပါတော့တယ်။

mgyoe.com

ဆရာမကြီး ဆက်ဆွေးနွေးထားတာကိုလည်း သိစေချင်ပါတယ်။

"ဇနီးဖြစ်သူက မိမိထွက်ပြေးလွတ်မြောက်သွားရန် စတင်၍နည်းလမ်းရှာဖွေချိန်တွင် မိမိကိုယ်ကိုမိမိ အကောင်းမြင်ချက်များကို သူက ဖျက်ဆီးလိုက်ကြောင်း သိလာသည်။ အကူအညီပေးနိုင်သူများနှင့် သီးသန့် ဖယ်ရှားခွဲထုတ်ထားကြောင်း ရင်ဆိုင်တွေ့ရသည်။ ဇနီးသည်သည် ငွေရေးကြေးရေးအရ သူ့ကို အားကိုးနေရခြင်း သို့မဟုတ် မိမိ၏အလုပ်အကိုင်ကို အန္တရာယ်ကျရောက်စေခြင်းနှင့် မိမိထွက်ခွာသွားပါက မိမိနှင့် ကလေးတို့ကို ကိုယ်ထိလက်ရောက် အန္တရာယ်ပြုမည်ဟူ၍ ခြိမ်းခြောက်ခံနေရတတ်သည်။ မိမိအဖို့ ရုတ်တရက် မည်သည့်နေရာမှ လုံခြုံစိတ်ချရ မှုကို မပေးစွမ်းနိုင်ပေ။ သူ့အား ခွဲထွက်သွားခြင်းသည် မသိသောနေရာအတွင်းသို့ ထိုးဆင်းနစ်မြုပ်သွားသလို ဖြစ်နေသည်။ ကျွန်မစားဝတ်နေရေးအတွက် ဘယ်လိုဖြေရှင်းရမလဲ။ ရှေ့နေငှားရမ်းနိုင်ချေရှိပါ့မလား။ ခိုလှုံသောနေရာဟာ ဘယ်လိုနေရာဖြစ်မလဲ။ ကလေးကျောင်းပြောင်းနေမလား။ သူကျွန်မနောက်လိုက်လာရင် ဘယ်လိုလုပ်ရမလဲ စသည်ဖြင့် ကြောက်မက်ဖွယ်နေရာတွင် နေနေရသော်လည်း ဒုက္ခခံစားနေရသူအဖို့ သည်အကြောင်းတွေနှင့် အနည်းဆုံးရင်နှီးကျွမ်းဝင်မှုရှိနေမည် ဖြစ်ပါသည်" လို့ ဆရာမကြီးက ဆွေးနွေးထားပါတယ်။

ဒီလိုအကြမ်းဖက်ခံရတဲ့သံသရာတဝဲလည်လည် နေနေရတဲ့အမျိုးသမီးတွေဟာ မခံနိုင်တဲ့အဆုံး ပြင်ပအားကိုးဖွယ်ရာအစုံတစ်ရာမမြင်ရဘဲ အရဲကိုးပြီး စွန့်ခွာထွက်ပြေးကြပါတယ်။ တချို့လည်း ကံကောင်းထောက်မစွာဘဝအသစ်ကို စတင်နိုင်ခဲ့ကြသူတွေ ရှိပါတယ်။ တချို့လည်း ကံဆိုးမိုးမှောင်ကျကာ ဘဝထပ်ပျက်ရသူတွေလည်း ရှိနေပါတယ်။

ကံဆိုးမိုးမှောင်ကျသူ အမျိုးသမီးတွေကတော့ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုတဲ့ ကိန်းဆိုက်ရသူတွေပါ။ နှိပ်စက်ညှဉ်းပန်းတဲ့ လင်ယောကျ်ားရဲ့ငရဲပြည်က အရဲစွန့်ပြီး ထွက်ပြေးလာလိုက်တာ အပြေးမတော်တစ်လှမ်းဆိုသလို ရက်စက်ယုတ်မာတဲ့လူတွေရဲ့ စက်ကွင်းမိသွားရပြန်လေတော့ ပြည့်တန်ဆာအဖြစ်စေခိုင်းခံရတာတွေ၊ လူကုန်ကူးခံရတာတွေလည်း ရှိရပြန်ပါတယ်။

အမျိုးသမီးများအဖို့တော့ ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ ဆိုပြီး

mgyoe.com

mgyoe.com

ကံကိုပုံချကြပါတော့တယ်။ စားဝတ်နေရေး၊ ဘဝရပ်တည်ရေး၊ အသက်အန္တရာယ်လုံခြုံရေးစတဲ့ ကိစ္စတွေကြောင့် ရေစုန်မျောပေးလိုက်ရရင်း အရှက်သိက္ခာကို စတေးပစ်လိုက်ရတဲ့ ကံဆိုးမအဖြစ်တွေလည်း ရှိနေဆဲပါပဲလို့ သတင်းပေးလိုက်ရပါတယ်။

**အသက်အန္တရာယ်မှ ကယ်တင်နိုင်ရေးအချက် ၁၀ ချက်**

အသက်ဘေးမှ ရုန်းထွက်နိုင်ရေး အချက် ၁၀ ချက်အကြောင်း မရေးခင် အိမ်တွင်း အကြမ်းဖက်ခြင်းဆိုတာ ရုတ်တရက် ဖြုန်းဒိုင်းကြီး ကောက်ကာငင်ကာ ထဖြစ်တတ်တာမဟုတ်ဘဲ အဆင့်အလိုက်အခြေအနေဆိုးလာကြောင်းကိုလည်း သိထားသင့်ပါသေးသည်။

အိမ်တွင်းအကြမ်းဖက်မှုဟာ ပြောင်းလဲမှုအဆင့်သုံးဆင့်နဲ့ အဆင့်ဆင့်ကျော်သွား ရတာဖြစ်ကြောင်း ကျွမ်းကျင်သူလေ့လာမှုသုတေသီတွေက ပြောပါတယ်။

အဲဒီအဆင့်သုံးဆင့်ဆိုတာက အောက်ပါအတိုင်းဖြစ်ပါတယ်။

- ❑ ဆက်ဆံရေး တင်းမာမှု ပိုဆိုးလာခြင်း၊ (လင်နဲ့မယားစကားများရန်ဖြစ်ငြင်းခုံမှုမှ ဆက်ဆံရေးဆိုးဝါးလာခြင်း)
- ❑ ရုတ်တရက် ပေါက်ကွဲမှုကြီးလာခြင်း (ဒေါသအလျောက် ရုတ်တရက် ကောက်ကာငင်ကာ ကိုယ်ထိလက်ရောက်ညှင်းပန်း နှိပ်စက်လာခြင်း)
- ❑ ပျားရည်ဆမ်းခရီးအဆင့် မကြာခဏဖြစ်ခြင်း(ပြုမူမိသမျှကို ဝန်ချတောင်းပန်ခြင်း၊ ဒူးထောက်တောင်းပန်ပြီး နောင်မဖြစ်စေရတော့ပါ။ ပြုပြင်ပြောင်းလဲသွားပါမည်ဟု ကတိသစ္စာပြုခြင်း၊ ဘုရားစင်ညောင်ရေအိုးမှ ရေသောက်ခြင်း)

အဲဒီအဆင့်သုံးဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့်ကျော်လွှားပြီး အိမ်တွင်းအကြမ်းဖက်မှုဆီကို ရောက်ရှိလာကြောင်း သုတေသီတွေက ဆိုထားပါတယ်။ အဲဒီလို အိမ်တွင်းအကြမ်းဖက်မှုအဆင့်ကြီးကို ရောက်ပြီဆိုတာနဲ့ ဘေးပတ်ဝန်းကျင် ဆွေမျိုးအသိုင်းအဝိုင်း ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ရင် အဲဒီစက်ဝန်းဟာ တစ်ပတ်ပြီးတစ်ပတ် လည်နေမှာဖြစ်ကြောင်း၊ အိမ်

mgyoe.com

m g

တွင်းအကြမ်းဖက်မှု မကြာခဏ ဖြစ်ပေါ်နေစေပြီး အခြေအနေဟာ ပိုပြင်းထန်တဲ့အခြေအနေထိ ရောက်လာနိုင်ကြောင်း ဆိုထားပါတယ်။

အဲဒီအခြေအနေတွေဟာ ကြာလာတာနဲ့အမျှ အန္တရာယ်ပြုလောက်အောင် အခြေအနေတွေ ပိုဆိုးလာပြီဆိုရင် ညှဉ်းပန်းနှိပ်စက်ခံနေရတဲ့ ဒုက္ခသည်အမျိုးသမီးအတွက် အသက်အန္တရာယ် လုံခြုံစိတ်ချရတဲ့ စီမံဆောင်ရွက်မှုတွေကို ကြိုတင်ရေးဆွဲထားဖို့ လိုလာပြီ ဖြစ်ကြောင်းကိုလည်း ကျွမ်းကျင်ပညာရှင်တွေက ဆိုထားပါသေးတယ်။

ဒါကြောင့် မိမိတို့အသက်အန္တရာယ်ကို ကယ်တင်နိုင်မယ့် ခြေလှမ်း ၁၀ လှမ်းဆိုပြီး ကျွမ်းကျင်ပညာရှင်တွေ ကြိုတင်ပြင်ဆင်ဖွယ် အချက် ၁၀ ချက်ကို ဖော်ထုတ်ထားပါတယ်။

**မိမိအသက်အန္တရာယ်ကို ကယ်တင်နိုင်သော ခြေလှမ်း ၁၀ လှမ်း**

(၁) အန္တရာယ်ကျရောက်ရန် အနီးကပ်ဆုံး အခြေအနေဖြစ်ခဲ့လျှင် သတ်မှတ်ထားသော တယ်လီဖုန်းနံပါတ်ဆက်ပါ။ မည်သည့်အချိန်အခါနှင့် ယင်းတယ်လီဖုန်းနံပါတ်သို့ မည်သို့ဆက်သွယ်အသုံးပြုရမည်ကို မိမိကလေးများအား သင်ကြားထားပေးပါ။

(၂) မိမိအိမ် သို့မဟုတ် အိမ်ခန်းအတွင်း မိမိကို အကာအကွယ်အပေးနိုင်ဆုံးနှင့် ထွက်ပြေးလွတ်မြောက်သွားနိုင်သော လမ်းကြောင်းကို ရှာဖွေထားပါ။ ဥပမာ–အိမ်ခန်းအတွင်းဝင်၍ သော့ခတ်ထားနိုင်ခြင်းနှင့် ပြတင်းပေါက်မှ ဝရန်တာသို့ ထွက်နိုင်ခြင်း၊ အရေးတကြီးကိစ္စများပို၍ဆိုးဝါးစွာ ဖြစ်ပွားလာနိုင်သည်ဟု မိမိစိတ်က ခံစားမိလျှင် ယင်းနေရာသို့ သွားရောက်နေပါ။

(၃) ရန်ဖြစ်နေလျှင် မိမိကလေးများအား ဝင်မစွက်ရန် သင်ကြားထားပြီး လုံခြုံစိတ်ချရသောနေရာသို့မည်သို့ သွားရောက်ရမည်ကို သင်ကြားထားပါ။

(၄) မိမိရရှိထားသော ဒဏ်ရာများအတွက် ဆေးကုသမှုခံယူပြီး ညှဉ်းပန်းနှိပ်စက်ခံနေမှု၏ ခိုင်မာသော အထောက်အထားများကို ကျန်းမာရေးဝန်ထမ်းအား မှတ်တမ်းတင်ထားရှိရန်ပြောပါ။

mgyoe.com

mgyoe.com

(၅) အကျပ်အတည်းတွေ့လျှင် အရေးတကြီး တိုက်ရိုက်ဆက်သွယ်နိုင်သော တယ်လီဖုန်းနံပါတ်ကို အလွတ်ကျက်မှတ်ထားပါ။

(၆) သင့်အား အသက်အန္တရာယ်ကိုရည်ရွယ်ပြီး တိုက်ခိုက်နေကြောင်း သင်သံသယရှိပြီဆိုလျှင် တယ်လီဖုန်းဖြင့် ရဲစခန်းသို့ တိုင်ကြားပေးပါရန် အိမ်နီးနားချင်းတို့ထံ အကူအညီတောင်းခံထားပါ။

(၇) လိုအပ်လာလျှင် အမြန်ဆုံးထွက်ခွာသွားနိုင်ရန် မည်သည့်နေရာသို့ သွားရမည်ကို ကြိုတင်စဉ်းစားထားပါ။

(၈) သေတ္တာထဲတွင် အောက်ပါပစ္စည်းများ ထည့်သွင်းထား၍ သူငယ်ချင်း သို့မဟုတ် လုပ်ဖော်ကိုင်ဖက်တစ်ဦးထံတွင် အပ်နှံထားပါ။ အလိုအပ်ဆုံးနှင့် အရေးကြီးသော စာရွက်စာတမ်းများ၊ (မွေးစာရင်းများ၊ မှတ်ပုံတင်ကတ်ပြားများ၊ ကျန်းမာရေးနှင့် ကျောင်းမှတ်တမ်းများ) ငွေ၊ ချက်လက်မှတ်စာအုပ်၊ ကားအပိုသော့၊ လိုအပ်မည့် ဆေးဝါးများနှင့် သင်နှင့်ကလေးတို့အတွက် အဝတ်အစားအချို့။

(၉) နေ့ သို့မဟုတ် ညတွင် အချိန်အခါမရွေး အိမ်မှထွက်ခွာသွားနိုင်ရန်အတွက် မှန်ကန်သည့်သဘောဆောင်သော အကြောင်းပြချက်အများအပြားကို လက်ဝယ်ထားရှိပါ။

(၁၀) သင့်အား တိုက်ခိုက်သူ၏ လုပ်ဆောင်ချက်များကြောင့် သင့်ကိုယ်သင် မပြစ်တင်ရန်မလိုကြောင်း အမှတ်ထားသတိရစေပါ။ စတဲ့အချက်များ ဖြစ်ပါတယ်။

### အိမ်တွင်းအကြမ်းဖက် ညှဉ်းပန်းမှု သံသရာကို ရိုက်ချိုးပစ်ခြင်း

အိမ်တွင်းအကြမ်းဖက် ညှဉ်းပန်းနှိပ်စက်ဒဏ်ခံရတဲ့ အမျိုးသမီးတွေထဲက ရဲဝံ့တဲ့ အမျိုးသမီးတချို့ကတော့ အိမ်တွင်းအကြမ်းဖက်မှု သံသရာဒဏ်တို့ကို ရိုက်ချိုးဖျက်ဆီးပစ်နိုင်တဲ့အခြေအနေတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဆရာမကြီးရဲ့ စာအုပ်မှာ ဒေါက်တာ ဘရောင်းန် တွေ့ကြုံခဲ့ရတဲ့ အိမ်တွင်းအကြမ်းဖက်သံသရာ စက်ဝန်းကို ရိုက်ချိုးဖျက်ဆီးပစ်နိုင်သူ အမျိုး

mgyoe.com

mgyoe.com


သမီးတွေရှိကြောင်း မှတ်တမ်းတင်တာကို ဖော်ပြထားပါတယ်။ ဒေါက်တာဘရောင်းန်ဟာ အိမ်တွင်းအကြမ်းဖက်ခံရတဲ့ အမျိုးသမီးအများစု အရှုံးပေးသံသရာလည်နေရတာကိုပဲ အများဆုံးတွေ့ကြုံခဲ့ရပါတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အရှုံးမပေးဘဲ သံသရာစက်ဝန်းကို မလည်တော့အောင် အဆုံးသတ်နိုင်ခဲ့သူ အမျိုးသမီးတွေကိုလည်း တွေ့ကြုံရကြောင်း ဆိုထားပါတယ်။ အဲဒီအမျိုးသမီးတွေ ဘယ်လိုလုပ်ခဲ့သလဲဆိုတာ ဖော်ပြထားပါတယ်။

- ဒဏ်ရာအနာတရအတွက် ကုသချက်ကိုရယူပြီး ခင်ပွန်းသည် ရှိရာမြို့မှ သတ္တိရှိစွာ ရဲရဲဝံ့ဝံ့ထွက်ခွာသွားမှု၊
- မိမိအား တိုက်ခိုက်နေခြင်းကို ရပ်တန့်သွားစေရန် မိမိ၏ ခင်ပွန်းဦးခေါင်းကို ဒယ်အိုးဖြင့် ရိုက်နှက်လိုက်မှု၊
  (ဒေါက်တာဘရောင်းန်ကတော့ ဤလုပ်ရပ်ကို မထောက်ခံပေ။ သို့သော်လည်း ၎င်းအမျိုးသမီးအဖို့ အလုပ်ဖြစ်သွားသည်။ သူတို့၏ အိမ်ထောင်ရေးအခြေအနေကို ပြောင်းလဲသွားစေသည်)
- ကိုယ်အလေးချိန်ကို လျှော့ချခြင်း၊ ဆေးလိပ်သောက်ခြင်းကို ဖြတ်လိုက်ခြင်း၊ ယင်းလုပ်ရပ်များကြောင့် မိမိကိုယ်ကို မိမိလုံလောက်သော ယုံကြည်မှုရှိလာပြီး ခင်ပွန်းအား စွန့်လွှတ်ထွက်ခွာလာနိုင်ရာ အလုပ်ရှာဖွေလုပ်ကိုင်ခြင်းနှင့် ကားမောင်းသင်ခြင်းတို့ ပြုလုပ်လာနိုင်ခဲ့သည်။

အိမ်တွင်းအကြမ်းဖက်မှု သံသရာစက်ဝန်းကို ဖျက်ဆီးပစ်နိုင်ဖို့အတွက် ဒေါက်တာဘရောင်းန် အကြံပြုထားတာ ရှိပါသေးတယ်။ အမျိုးသမီးများအား အသိပညာပေး ပြောဆိုမှုသည် သံသရာစက်ဝန်းဖျက်ဆီးရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်ကြောင်း သူ၏ လေ့လာဆည်းပူးမှုအရ သိခဲ့ရသည်လို့ ဆိုထားပါသေးသည်။

အမျိုးသမီးတွေကို အသိပညာပေးပြောဆိုရမယ်ဆိုရာမှာ အရေးပေါ် တိုက်ရိုက် တယ်လီဖုန်းနံပါတ်များ အမျိုးသမီးများအတွက် ခိုလှုံရာနေရာများနဲ့ တရားဥပဒေနဲ့သက်ဆိုင်တဲ့ အကူအညီ လိုအပ်နေတဲ့အခါ အဆင်သင့်ဖြစ်နေစေဖို့အတွက် အလွယ်တကူရစေဖို့ စာရွက်အပေါ်၊ ကြော်ငြာ၊ ပိုစတာ စသည်ဖြင့် မြင်သာအောင်ချိတ်ဆွဲထားရမယ်လို့လည်း ဆိုပါတယ်။

mgyoe.com

mgyoe.com
ဒါတွေရှိနေတဲ့အခါ အလွယ်တကူ တိုင်တာတောတာ လုပ်နိုင်တဲ့အတွက် ယောကျ်ားသားက အနိုင်ကျင့်ချင်သော်လည်း ကိုယ်ရှိန်သတ်နိုင်တယ်လို့ ဆိုပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုသံသရာစက်ဝန်း ရပ်တန့်အောင် ဘေးပတ်ဝန်းကျင်က လူများကလည်း ပါဝင်ဝိုင်းဝန်းကူညီကြဖို့လိုကြောင်း အကြံပေးထားပါသေးတယ်။ လူတိုင်းက ကိုယ်နဲ့ မဆိုင်ဘူးဆိုပြီး ရှောင်လွှဲမသွားကြဖို့၊ သူများ လင်မယားကြား ဝင်မပါဘူးဆိုပြီး မျက်နှာလွှဲမသွားကြဖို့ လိုပါတယ်။ နောက်ဆုံး လူသားအချင်းချင်း မြန်မာ့စလေ့အရ နှမသားချင်း စာနာစိတ်နဲ့ ပါဝင်ကူညီပေးရမယ်ဖြစ်ပါတယ်။ ဒေါက်တာဘရောင်းန်က လူတိုင်း ပါဝင်ဆောင်ရွက်နိုင်တဲ့အချက်တွေ ဖော်ပြထားပါတယ်။ ကောက်နုတ်ဖော်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။

- ❑ အိမ်တွင်းအကြမ်းဖက်မှု အဖြစ်အပျက်မြင်ကွင်းကို သင်တွေ့ရှိပါက ရဲထံအကြောင်းကြားပါ။
- ❑ သင်သည် ဒုက္ခခံစားနေရသူကို ကိုယ်ချင်းစာနာကြောင်းနှင့် အကူအညီပေးလိုရင်းဖြစ်ကြောင်း သိရှိကြရန် ပြုလုပ်ထားပါ။
- ❑ ဖောက်ထွင်းခိုးယူမှုအတွက်စောင့်ကြည့်နေသလိုမျိုး သင့်၏ အိမ်နီးနားချင်းလင်မယား အိမ်တွင်းအကြမ်းဖက်မှုရှိနေသော လက္ခဏာများကို စောင့်ကြည့်နေခြင်းဖြင့် လူသားချင်းစာနာကူညီပါ။
- ❑ အိမ်တွင်းအကြမ်းဖက်ခံရသော အမျိုးသမီးများ ခိုလှုံခွင့်ရရန် ရပ်ကွက်အဖွဲ့အစည်း၊ အမျိုးသမီးများကူညီစောင့်ရှောက်ရေး လူမှုအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်း စသည်တို့က နေရာထိုင်ခင်းစီစဉ်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်းတို့ လုပ်ဆောင်ရာတွင် သင်ပါဝင်ထားပါ။
- ❑ အိမ်တွင်းအကြမ်းဖက်ခြင်းကို အများနားလည်သဘောပေါက်အောင် ရပ်ကွက်အတွင်း၊ အဖွဲ့အစည်းအတွင်း၊ ဘာသာရေးအသင်းအဖွဲ့အတွင်းတွင် ဆွေးနွေးခြင်း၊ ကျွမ်းကျင်ပညာရှင်များဖိတ်ကြားပြီး ဟောပြောစေခြင်းတို့ဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီပါ စသည်ဖြင့် ရေးသားထားပါတယ်။

mgyoe.com

mgyoe.com


အမျိုးသမီးများ သာယာသော အိမ်ထောင်ရေးကို တည်ထောင်နိုင်ပြီး နှစ်ကိုယ်တူဆန္ဒတူမျှခြင်းဖြင့် အိမ်တွင်း အကြမ်းဖက်မှုဘေးမှ ကင်းဝေးနိုင်ကြပါစေ။

■

mgyoe.com

mgyoe.com

# ယောက်ျားထံမှ အိတ်ချ်အိုင်ဗွီကူးစက်ခံရသော အိမ်ထောင်သည်အမျိုးသမီး

[ ၁ ]

**ကိုလှဖေတင့်နှင့် ဆင်ရေယုန်များ**

ဆရာမကြီးဆေးခန်းသို့ ကိုလှဖေတင့် ရောက်လာပါတယ်။ ကိုလှဖေတင့်ကို သူ့အန်တီတစ်ယောက်က ဆရာမကြီး ဆေးခန်းကို သတင်းပို့ခဲ့တာပါ။ ဆရာမကြီးက စမ်းသပ်ဖို့အတွက် ခုတင်ပေါ်လဲလျောင်းခိုင်းလိုက်ပါတယ်။

ကိုလှဖေတင့် ခုတင်ပေါ်လဲလျောင်းပြီး ပုဆိုးကို ဖြည်းဖြည်းညင်သာလှန်ပြလိုက်တဲ့အခါမှာ ဘယ်ဘက်တင်ပါး၊ ပေါင်နဲ့ ခြေသလုံးတစ်လျှောက်ပျံ့နှံ့ပေါက်ပွားနေတဲ့ ဆင်ရေယုန်ကူးစက်နေတာကို ဆရာမကြီး မြင်တွေ့လိုက်ရပါတယ်။

ဒါနဲ့ ဆရာမကြီးက "ပွင့်ပွင့်လင်းလင်းပဲပြောပြပါ။ ဖုံးကွယ်မထားပါနဲ့" လို့ ပြောလိုက်တဲ့အခါ သူ့ကို ဆေးခန်းလိုက်ပို့သူ အန်တီက လက်မောင်းကိုဆန့်ပြီး လက်ညှိုးနဲ့ အကြောထဲဆေးသွင်းတဲ့ပုံ လုပ်ပြပါတယ်။ ကိုလှဖေတင့်အကြောထဲ မူးယစ်ဆေးထိုးသွင်း သုံးစွဲနေသူဖြစ်ကြောင်း သိလိုက်ရပါတော့တယ်။

အဲဒီအခါမှာ ဆရာမကြီးက ကိုလှဖေတင့်ကို သွေးထဲမှာ အိတ်ချ်အိုင်ဗွီ

mgyoe.com

mgyoe.com

ပဋိပစ္စည်း စစ်ဆေးဖို့အတွက် ဆေးစာရေးပေးလိုက်ပါတယ်။ အဖြေရတဲ့အခါ ကိုလှဖေတင့်ရဲ့ အန်တီတစ်ယောက်တည်းလာဖို့ပါ မှာလိုက်ပါတယ်။

နောက်တစ်နေ့မှာ ကိုလှဖေတင့်ရဲ့ အန်တီရောက်လာပါတယ်။ သွေးအဖြေလည်း တစ်ပါတည်းပါလာပါတယ်။ ကိုလှဖေတင့်ရဲ့သွေးမှာ အိတ်ချ်အိုင်ဗွီ ပဋိပစ္စည်းတွေ့ရှိကြောင်း အဖြေပါလာတယ်။ ဒီတော့ ကိုလှဖေတင့်အကြောင်း သူ့အန်တီက တစ်ဆင့် စုံစမ်းရပါတော့တယ်။

ကိုလှဖေတင့်ဟာ အထက်တန်းကျောင်းသားဘဝ အသက် ၁၄–၁၅ နှစ် လောက်ကတည်းက မူးယစ်ဆေးဝါး သုံးစွဲနေသူဖြစ်ပါတယ်။ အစပိုင်းမှာ နံ့ပါတ်ဖိုး ဘိန်းဖြူအမှုန့်ကို စီးကရက်ထဲ ထည့်သွင်းပြီး ရှူရှိုက်သောက်သုံးခဲ့ပါတယ်။ နောက်တော့ ဘိန်းဖြူအမှုန့်ကို အရည်ဖျော်ပြီး ဆေးထိုးအပ်နဲ့ အကြောထဲထိုးသွင်းမှ အာသာပြေတဲ့အဆင့်ရောက်လာပါတယ်။ ဆရာမကြီးဆေးခန်းကို ရောက်လာတဲ့အချိန်မှာ အသက် ၂၄ နှစ်ကျော်ပြီဖြစ်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးသုံးစွဲလာတာ ၁၀ နှစ်လောက်ကြာခဲ့ပြီဖြစ်ပါတယ်။

ကိုလှဖေတင့်ဟာ အသက် ၂၂ နှစ်အရွယ်မှာ ချစ်သူနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ သားလေးတစ်ယောက် ထွန်းကားခဲ့ပါတယ်။ အခု အသက်သုံးလသားအရွယ် ရှိနေပါပြီ။ ကိုလှဖေတင့်ဟာ သူ့ရဲ့သွေးအဖြေကို သိသိချင်း သူ့ဘဝကတော့ မထူးတော့ပါဘူးဆိုပြီး မူးယစ်ဆေးဝါးကို သုံးစွဲဖို့ တကဲကဲ ဖြစ်နေကြောင်း သူ့အန်တီက ပြောပြပါတယ်။

ကိုလှဖေတင့်အကြောင်း သိရပြီးတဲ့နောက် ဆရာမကြီးဟာ ကိုလှဖေတင့်ကို နှစ်သိမ့်ဆွေးနွေးပညာပေးဖို့ ပြုလုပ်နိုင်ဖို့နဲ့ ဆေးကုသချက်ပေးဖို့ ကူးစက်ဆေးရုံကို စာရေးပြီး စေလွှတ်လိုက်ကြောင်း၊ ဆင်ရေယုန်အတွက် Acyclovin ဆေးကို သောက်သုံးခြင်းဖြင့် ပျောက်ကင်းသွားနိုင်ကြောင်း ဆက်လက်လုပ်ဆောင်စေခဲ့ပါတယ်။

အဲဒီလိုနဲ့ အချိန်တွေ တရွေ့ရွေ့ ကုန်လွန်သွားပြီးချိန် ကိုလှဖေတင့်၊ သူ့အန်တီတို့နဲ့ အဆက်အသွယ်ပြတ်သွားခဲ့ပါတယ်။ အဆက်အသွယ်ပြတ်သွားတာ ခုနစ်လလောက်အကြာမှာတော့ ကိုလှဖေတင့်အန်တီ ဆရာမကြီးဆီ ရောက်ချလာပါတယ်။ ဒီတစ်ခါရောက်ချလာတာ ကိုလှဖေတင့်နဲ့အတူ
mgyoe.com

mgyee.com

ရောက်လာတာ မဟုတ်ဘဲ။ တခြားအမျိုးသမီးတစ်ဦးနဲ့ ရောက်လာတာ ဖြစ်ပါတယ်။

အဲဒီအမျိုးသမီးကတော့ စာဖတ်သူများ ထင်ကြေးပေး တွက်ထားတဲ့အတိုင်း ကိုလှဖေတင့်ရဲ့ဇနီး မစိမ်းစိမ်းဆိုတဲ့ အမျိုးသမီးပဲ ဖြစ်ပါတယ်။

မစိမ်းစိမ်းခံစားနေရတဲ့ ဝေဒနာတွေကတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံး အရေပြားအနှံ့အပြားမှာ အနာအဆာတွေ ဖြစ်လိုက်၊ ပျောက်လိုက် ဖြစ်နေလို့ပါတဲ့။ အဲဒီလို ဖြစ်နေတာ အချိန်အားဖြင့် သုံးလကြာမြင့်ပြီလို့ ပြောပါတယ်။ အနာအဆာ အချို့ဟာ အမာရွတ်အဖြစ် အရေပြားပေါ်မှာ ထင်ကျန်လို့တောင် နေပါတယ်။

အဲဒီအခါ ဆရာမကြီးက မစိမ်းစိမ်း ဖြစ်နေတာတွေဟာ အရှင်းကြီး ဖြစ်နေတဲ့အတွက် ကိုလှဖေတင့်လိုပဲ သွေးစစ်ကြည့်ဖို့ စာရေးပေးလိုက်ပါတယ်။ မစိမ်းစိမ်း သွေးစစ်ကြည့်ပြီးတဲ့အခါ အဖြေဟာလည်း ကိုလှဖေတင့်လမ်းကြောင်းအတိုင်း အိတ်ချ်အိုင်ဗွီပဋိပစ္စည်းတွေ ရှိနေပါတော့တယ်။ မစိမ်းစိမ်းဟာ ခင်ပွန်းသည်ကိုလှဖေတင့်ကတစ်ဆင့် အိတ်ချ်အိုင်ဗွီ ကူးစက်ခံရတဲ့ အိမ်ထောင်သည် အမျိုးသမီးတစ်ဦးဖြစ်နေပါတော့တယ်။

အဲဒီနောက် မစိမ်းစိမ်းကိုလည်း ကူးစက်ဆေးရုံကိုသွားပြီး ဆေးကုသမှု ခံယူဖို့၊ နှစ်သိမ့်ဆွေးနွေးပညာပေးခံယူဖို့ စေလွှတ် လိုက်ရပါတယ်။ မစိမ်းစိမ်းဟာ အသက် ၂၃ နှစ်သာ ရှိသေးတဲ့ ကလေးတစ်ယောက် မိခင်ဖြစ်ပါတယ်။

[ ၂ ]

### အိမ်ထောင်ကျ စောလွန်းသော တောသူလေး တင်တင်ဌေး

တောသူမလေး တင်တင်ဌေးဟာလည်း ယောကျ်ားထံမှ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူလေးတစ်ဦးဖြစ်ပါတယ်။ သူ့ခမျာ အိမ်ထောင်ရေးကံဆိုးရှာပါတယ်။ ငယ်ငယ်ရွယ်ရွယ် အသက် ၁၃ နှစ်အရွယ်ကတည်းက အိမ်ထောင်ကျခဲ့ရပါတယ်။ တောသူတောင်သားတို့ရဲ့ သဘာဝ ပညာရေးအခြေခံနည်းတာကတစ်ကြောင်း၊ ရှေးရိုးစွဲအယူအဆမှားအရ သေစာရှင်စာတတ်ပြီးတာပဲ၊ အချိန်တန်လျှင် ယောကျ်ားက တာဝန်ယူလိမ့်မယ်ဆိုတာက တစ်

mgyee.com

mgyee.com


ကြောင်း အိမ်ထောင်စောစောကျသွားပါတယ်။

အိမ်ထောင်ကျပြီး သမီးမိန်းကလေးတစ်ယောက် မွေးပါတယ်။ ကလေး မွေးပြီးလို့မှ မကြာခင် လအနည်းငယ်ကြာမှာ ယောကျ်ားဖြစ်သူက သူ့ကိုပစ်ထားပြီး ထွက်ပြေးသွားပါတယ်။ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ ကလေး တစ်ယောက်မိခင် တစ်ခုလပ် ဖြစ်ရပါတော့တယ်။

သူ ဆရာမကြီးရဲ့ ကုသိုလ်ဖြစ်ဆေးရုံ ရောက်လာချိန်မှာ အသက် ၁၆ နှစ်ရှိပါပြီ။ ရောက်လာစဉ်မှာ ဝမ်းဖောခြင်းဝေဒနာ ငါးရက်ဆက်တိုက်ခံစား နေရပါတယ်။ အရေပြားပေါ်မှာလည်း မှိုစွဲရောဂါကူးစက် ခံနေရပါတယ်။ Fungus Infection ဖြစ်နေတယ်လို့ ဆရာမကြီးက မှတ်ချက်ချရေးပါတယ်။ ဆေးရုံရောက်ပြီး ရက်အနည်းငယ်ကြာမှာတော့ ပါးစပ်ထဲမှာ မှက္ခရု (Thrush) ဖြစ်ပွားလာပါတယ်။

အဲဒီလက္ခဏာပေါ်လာတဲ့အခါ ဆရာမကြီးက သံသယဖြစ်လာတဲ့ အတွက် သွေးစစ်ဆေးကြည့်လိုက်ပါတယ်။ သွေးအဖြေအရ သွေးထဲမှာ အိတ်ချ်အိုင်ဗွီပဋိပစ္စည်း တွေ့နေရပါတယ်။ အဲဒီအခါ သူကလေးရဲ့ ယောကျ်ားအကြောင်းကို စုံစမ်းမေးမြန်းရပါတော့တယ်။ တင်တင်ဌေးက တော့ ကွဲသွားပြီဆိုတဲ့အကြောင်း၊ တခြားဘာမှမသိတဲ့ အကြောင်းပဲပြော ရှာပါတယ်။

ဒါနဲ့ တင်တင်ဌေးရဲ့ အိမ်နီးနားချင်းတွေ ပြောပြချက်အရ တင်တင်ဌေး ရဲ့ ယောကျ်ားဟာ အရင်မိန်းမလျာတစ်ဦးဖြစ်ခဲ့ဖူးကြောင်း သိရပါတယ်။ ဒါကြောင့် တင်တင်ဌေးရဲ့ယောကျ်ားဟာ အရင်မိန်းမလျာဘဝက လိင်တူချင်း ဆက်ဆံခံရဖူးလိမ့်မယ်ဖြစ်ကြောင်း ယူဆစရာဖြစ်လာပါတယ်။ တင်တင်ဌေး ခမျာတော့ ယောကျ်ားဆီမှ ကူးစက်ခံရတဲ့ အိတ်ချ်အိုင်ဗွီဝေဒနာရှင်ဖြစ် ကြောင်း ထင်ရှားနေပါတော့တယ်။

တင်တင်ဌေးဟာ ယောကျ်ားပစ်သွားပြီးတဲ့နောက် အိမ်နီးနားချင်းတွေက စောင့်ရှောက်ထားခဲ့ကြတယ်လို့ ပြောကြပါတယ်။ ဒီလိုရောဂါဖြစ်လာတော့ အိမ်နီးနားချင်တွေက သိပ်လက်ခံမထားချင်ကြတော့ပါဘူး။ ဒါကြောင့် တင် တင်ဌေးရဲ့ဇာတိရွာကို အကြောင်းကြားခိုင်းပြီး တင်တင်ဌေးကို ရွာမှာသွား ပြန်နေဖို့ တိုက်တွန်းကြကြောင်း သိရပါတယ်။ ကလေးတစ်ယောက်နဲ့

mgyee.com

mgyoe.com


အိတ်ချ်အိုင်ဗွီဝေဒနာသည် တင်တင်မွှေးကလေးရဲ့ ကံကြမ္မာကလည်း ဆက်ဆိုးဝါးစရာတွေနဲ့ ရင်ဆိုင်ရတော့မယ်ထင်ပါတယ်။

[ ၃ ]

ဒုတိယအိမ်ထောင် ညစောင့်ဝန်ထမ်းရဲ့ဇနီးသည် ညိုညိုစိမ့်

နောက်တစ်ဦးကတော့ ညိုညိုစိမ့်ပါ။ အသားအရေညိုညက်တဲ့ မြန်မာပြည် အလယ်ပိုင်းက အညာသူလေးတစ်ဦးပါ။ ဆရာမကြီးဆီရောက်လာတဲ့ အခြေအနေက သူ့ရဲ့ မိန်းမအင်္ဂါမှာ ရင်းနေတဲ့အနာကြောင့် ရောက်လာရတာပါ။ သူ့အနာကို သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးတစ်ဦးက ကြည့်ရှုစစ်ဆေးပါတယ်။ သံသယရှိတဲ့အတွက် သွေးဖောက်စစ်ဆေးပါတယ်။ သွေးအဖြေအရ သွေးထဲမှာ အိတ်ချ်အိုင်ဗွီပဋိပစ္စည်းတွေ့ရှိပါသော်လည်း ကာလသားရောဂါအတွက် သွေးစစ်ချက်မှာတော့ ရောဂါမတွေ့ရကြောင်း သိရပါတယ်။

ညိုညိုစိမ့်ဟာ အညာဒေသကနေ ရန်ကုန်ရောက်လာနေထိုင်နေပေမယ့် သူဆေးရုံရောက်တဲ့အထိ အိတ်ချ်အိုင်ဗွီခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုတာကို တစ်လုံးတစ်ပါဒမှ မကြားဖူးဘူးလို့ ပြောပါတယ်။ ညိုညိုစိမ့်ဟာ မွေးရပ်ဇာတိရွာ အညာဒေသမှာ ပထမအိမ်ထောင်ကျခဲ့ပါတယ်။ သားလေးတစ်ယောက်တည်း ထွန်းကားခဲ့တယ်လို့ ဆိုပါတယ်။ ပထမအိမ်ထောင်ရှာက ယောကျ်ားကတော့ ပိုးထိလို့ သေဆုံးခဲ့ပါတယ်တဲ့။ ယောကျ်ားဆုံးတော့ အသက်ကိုးနှစ်အရွယ် သားလေးကို ကိုရင်ဝတ်စေပြီး အဲဒီဘုန်းကြီးကျောင်းမှာပဲ ထားခဲ့တယ်လို့ ပြောပါတယ်။

အဲဒီနောက် ညိုညိုစိမ့်တစ်ယောက် ဘဝသစ်ထူထောင်ဖို့ ရန်ကုန်ရောက်လာပါတယ်။ ရန်ကုန်မှာ အိမ်စေအလုပ်လုပ်ရင်း အသက်မွေးဝမ်းကျောင်းခဲ့ပါတယ်။ အိမ်ရှင်တွေရဲ့ သဘောကျနေထိုင်လုပ်ကိုင်ပေးရင်း အိမ်ပြင်ကိစ္စတွေကို သွားရောက်ဆောင်ရွက်ပါတယ်။ အဲဒီအခါ အပြင်မှာ ဒုတိယအိမ်ထောင်ဖြစ်မယ့်လူနဲ့ တွေ့ကြပါတယ်။ အဲဒီလူက ညစောင့်ဝန်ထမ်းပါ။ သူဟာ တစ်ခါတစ်ခါ ညရေးညတာတွေမှာ ပြည့်တန်ဆာနဲ့ ပျော်ပါးတတ်ကြောင်း ညိုညိုစိမ့် နောက်တော့ သိလာရပါတယ်။

mgyoe.com

mgyoe.com

အဲဒီလိုနဲ့ ညိုညိုစိမ့်တစ်ယောက် ကျန်းမာရေးချူချာလာပါတယ်။ နာတာရှည် ဖျားနာတာ၊ ဝမ်းလျှောတာ၊ ခန္ဓာကိုယ်ပိန်လှီပြီး အိပ်ရာထဲ လဲနေတာတွေ ဖြစ်လာပါတယ်။ ညိုညိုစိမ့်ဟာ ယခုအခါ အသက် ၃၂ နှစ်ရှိပါပြီ။ ခင်ပွန်းနဲ့ နောက်ဆုံးလိင်ဆက်ဆံခဲ့တာ သုံးလကြာမြင့်ခဲ့ပြီလို့ ဆိုပါတယ်။

[ ၄ ]

**ဒေါ်မေသန်းရှင်နှင့် အကြောထဲ အားဆေးထိုးသွင်းခြင်းပြဿနာ**

ဒေါ်မေသန်းရှင်ကတော့ ယောကျ်ားကြောင့် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရတဲ့လူနာမဟုတ်ပါဘူး။ သူ့ကိုတော့ ခြွင်းချက်အနေနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒေါ်မေသန်းရှင် ကူးစက်ခံရတဲ့ အကြောင်းရင်းကတော့ မသန့်ရှင်းတဲ့ ဆေးထိုးအပ်၊ ဆေးထိုးပြွန်ကြောင့် ဖြစ်ပါတယ်။

ဒေါ်မေသန်းရှင် အသက် ၅၁ နှစ်ရှိပါပြီ။ ခင်ပွန်းကွယ်လွန်သွားတော့ မုဆိုးမအဖြစ် သမီးတွေနဲ့ အတူနေထိုင်သူ ဖြစ်ပါတယ်။ သူ့မှာ တခြားအိမ်ထောင်ခွဲ သွားကြတဲ့သားတွေ၊ သမီးတွေလည်းရှိပါတယ်။ စီးပွားရေး ပြေလည်ပါတယ်။ မတောင့်မတ မကြောင့်မကြ နေနိုင်သူတစ်ဦး ဖြစ်ပါတယ်။ အိမ်ထောင်ခွဲသွားတဲ့ သားသမီးတွေကလည်း ထောက်ပံ့တဲ့အတွက် အပူအပန်မရှိ အေးအေးချမ်းချမ်း နေနိုင်သူဖြစ်ပါတယ်။

တစ်ရက်မှာတော့ ဆရာမကြီးရှိရာ ကုသိုလ်ဖြစ်ဆေးရုံကို ရောက်လာပါတယ်။ ဝမ်းဖောပြီးဖျားနေတာ တစ်လလောက်ရှိပြီလို့ ပြောပါတယ်။ ကိုယ်အလေးချိန်လည်း လျော့နည်းကျဆင်းလာနေကြောင်း ပြောပြပါတယ်။

ဆေးရုံရောက်ပြီး ရက်အနည်းငယ်အကြာမှာတော့ ပါးစပ်တွင်းမှာ မှက္ခရုတွေပေါက်လာပါတယ်။ မထင်မှတ်ဘဲ ပါးစပ်ထဲမှာ မှက္ခရုတွေပေါက်လာတော့ ဒေါ်မေသန်းရှင်ကို သွေးဖောက်စစ်ဆေး ကြည့်ခိုင်းလိုက်ပါတယ်။ သွေးအဖြေကတော့ သွေးအတွင်း အိတ်ချ်အိုင်ဗွီ ပဋိပစ္စည်းတွေ တွေ့ရကြောင်း ဖော်ပြနေပါတယ်။ ဘယ်လိုအကြောင်းကြောင့်များ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ရသလဲဆိုတာ ဆရာဝန်တွေ အတွေးရခက်ကုန်ကြပါတယ်။

ဒေါ်မေသန်းရှင်ဟာ ခင်ပွန်းသည် ဆုံးသွားပြီးတဲ့နောက် သားထောက်

mgyoe.com

mgyoe.com

သမီးခံတွေ ရှိတဲ့အတွက်၊ နောက်အိမ်ထောင်မပြုခဲ့ပါဘူး။ ပြုဖို့လည်း မလိုအပ်တော့ပါဘူး။ အသက်အရွယ်အားဖြင့် ၅၀ ဝန်းကျင်နီးလာတော့ အိမ်ထောင်ပြုဖို့ မလိုတော့ပါဘူး။ ပြုချင်စိတ်လည်း မရှိတော့ပါဘူး။

အဲဒီအခါ ဆရာဝန်တွေဟာ ဒေါ်မေသန်းရှင်ရဲ့ အသွားအလာ၊ အပြုအမူ၊ အနေအထိုင်၊ အလေ့အကျင့်တွေကို စူးစမ်းမေးမြန်းရပါတော့တယ်။ ဒေါ်မေသန်းရှင်ဟာ အားနည်းနေတယ်လို့ သူ့ကိုယ်သူ ထင်တဲ့အခါ အားဆေးသွင်းရမှ ကျေနပ်ပြီး ကိုယ်ကိုယ်ကိုလည်း အားတွေ ပြန်ပြည့်လာကာ သွားနိုင်လာနိုင် လှုပ်ရှားနိုင်တယ်လို့ တွေးထင်ထားသူပါ။ အားဆေးအကြောထဲမှ သွင်းရမှ ကျေနပ်တဲ့ အလေ့အကျင့် အပြုအမူရှိသူပါ။

သူသွင်းတဲ့ အားဆေးတွေက ဘားပလက်၊ ဗီတာမင် ဘီတွဲလ်၊ ဂလူးကိုစ်တို့ကို အကြောထဲထိုးသွင်းတတ်ပြီး အားပြည့်ကာ နေထိုင်ကောင်းသွားကြောင်း သူကပြောပြပါတယ်။

အဲဒီလိုအားဆေးအကြောထဲ ထိုးသွင်းလာတဲ့ အကျင့်ဟာ လစဉ်နှစ်ခါ၊ သုံးခါလောက်ပြုလုပ်နေကျဖြစ်ပါတယ်။ နည်းနည်းလေး နေထိုင်မကောင်းတာနဲ့ ဆေးခန်းသွားပြီး အကြောဆေးသွင်းတော့တာပါပဲတဲ့။ ဒီလို အကျင့်စွဲနေတာ နှစ်ပေါင်း ၂၀ – ၂၅ နှစ်လောက် ရှိနေပါပြီတဲ့။

သူ့အနေနဲ့ ဒီလိုနှစ်ပေါင်းများစွာ အားဆေး အကြောထဲသွင်းရမှ အားပြန်ပြည့်ပြီး နေထိုင်ကောင်းလာရတယ်ဆိုတဲ့ အကျင့်နဲ့အယူအဆဟာ တစ်ခါသုံးဆေးထိုးအပ်တွေ မပေါ်ခင်ကတည်းကပါ။ အစောပိုင်းကာလတွေက အကြောဆေးသွင်းတော့မယ်ဆိုရင် ဖန်ဆေးထိုးပြွန်နဲ့ ဆေးထိုးအပ်ကို ရေနွေးနဲ့ပြုတ်ပြီး သွင်းရတဲ့ခေတ်ကိုမီခဲ့သူပါ။ အဲဒီခေတ်က ဆေးထိုးအပ်နဲ့ ဆေးထိုးပြွန်ကို တစ်ခါသုံးပြီးတိုင်း၊ တစ်ခါသုံးတော့မယ်ဆိုတိုင်း ရေနွေးမှာထည့်ပြုတ်ပြီးမှ သုံးကြတာပါ။ လူနာ ဘယ်နှစ်ဦးရှိရှိ၊ ဘယ်နှစ်ခါရှိရှိ ဒီအတိုင်းပဲ သုံးကြတာပါ။ ရေနွေးပွက်ပွက်ဆူမှ ထည့်ပြုတ်တာလည်း ရှိပါတယ်။ အရေးကြီးရင် ရေနွေးပွက်ပွက်ဆူသလား၊ မဆူသလား မကြည့်အားဘဲ ဒီအတိုင်း ထည့်ပြုတ်ရတာလည်း ရှိပါတယ်။ ပိုးသေဖို့ဆိုတာ မသေချာတဲ့ကိစ္စ ဖြစ်ပါတယ်။

အဲဒီတော့မှ ဆရာဝန်တွေက ဒေါ်မေသန်းရှင်ကို တစ်ခါသုံးမဟုတ်တဲ့

mgyoe.com

ဆေးထိုးအပ်ကြောင့် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရတာလို့ မှတ်ချက်ချခဲ့ကြပါတယ်။ ဒေါ်မေသန်းရှင်တစ်ယောက် တစ်ကြိမ်ကြိမ်မှာ စနစ်မကျတဲ့ ဆရာဝန်တစ်ဦးဦးနဲ့ တွေ့ပြီး မသန့်ရှင်းတဲ့ ဆေးထိုးအပ်နဲ့ အကြောထဲ အားဆေးထိုးသွင်းမိရာက ပိုးကူးစက်ခံရတာ ဖြစ်ဖို့များနေပါတယ်။

ဖြစ်နိုင်ချေများတာ အဲဒီလူနာပေါင်းများစွာ သုံးထားပြီးတဲ့ ဆေးထိုးအပ်ကို သေချာအောင် ရေနွေးနဲ့ ပြုတ်ပြီး ပိုးမွှားကင်းစင်စေတဲ့ ဆေးထိုးအပ်မဖြစ်ခဲ့တာ ဒေါ်မေသန်းရှင်အတွက် ကြီးစွာသော အန္တရာယ်ကျရောက်စေရတာ ဖြစ်သွားပါတယ်။ ဒေါ်မေသန်းရှင် ဘဝကံခေလွန်းလှပါတယ်လို့သာ ပြောရပါတော့မယ်။

[ ၅ ]

### အိမ်ထောင်နှစ်ဆက် အသက် ၃၈ နှစ်ရှိ နီနီမွန်ထွေး

မနီနီမွန်ထွေးနေထိုင်ရာမြို့ဟာ ရန်ကုန်နဲ့ နေ့ချင်းပြန်လို့ရတဲ့ မြို့ကလေးတစ်မြို့ကပါ။ အသက်ကတော့ ၃၈ နှစ်ရှိပြီ ဖြစ်ပေမယ့် အကြောင်းကြောင်းကြောင့် အိမ်ထောင်နှစ်ဆက်ကျခဲ့ရပါတယ်။

သူ ရန်ကုန်ကုသိုလ်ဖြစ်ဆေးရုံကို လာပြတော့ ဘယ်ဘက်ခါးမှာ နာကျင်ကိုက်ခဲနေတဲ့ဝေဒနာ ခံစားနေရတာ နှစ်လရှိလို့ ဖြစ်ပါတယ်။ ကိုယ်အလေးချိန်လည်း လျော့နည်းကျဆင်းနေပြီး အဖျားလည်း ရှိနေပါတယ်။ သူ့ဟန်ပန်အမူအရာက ဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။ သွေးအားနည်းတဲ့ လက္ခဏာလည်း ရှိနေပါတယ်လို့ ဆရာမကြီးရဲ့ ဆေးမှတ်တမ်းမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် ဗိုက်ပေါ်မှာ စမ်းသပ်ကြည့်တဲ့အခါ ဘယ်ဘက်ခါးအပိုင်းမှာ ရှိတဲ့နေရာမှာ အလုံးစမ်းသပ်တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါနဲ့ပဲ အာထရာဆောင်းကိရိယာနဲ့ စစ်ဆေးစမ်းသပ်ကြည့်တော့ ဘယ်ဘက်ကျောက်ကပ်အောက်ပိုင်းမှာ ပြည်တည်နေတဲ့ အနာတွေ့ရတယ်လို့ အဖြေထွက်လာပါတယ်။

ဒါဟာ စိတ်ဝင်စားစရာကောင်းတဲ့ ရောဂါဖြစ်နေတဲ့အတွက် ဆရာမကြီးအနေနဲ့ ဆီးနှင့် ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီးတစ်ဦးဆီ စာရေး

mgyoe.com

ပြီး စေလွှတ်ခဲ့ပါတယ်။ စမ်းသပ်ခကုန်ကျငွေကိုပါ တစ်ပါတည်း ပေးလိုက်ပါတယ်။ ဆရာမကြီး စစ်ဆေးခိုင်းတဲ့ အချက်တွေက သွေးအားနည်းခြင်းတွေ့ရ၍ ဟီမိုဂလို (Hb) စစ်ဆေးရန်၊ သွေးအနည်ထိုင်နှုန်း (ESR) စစ်ဆေးရန်၊ အိတ်ချ်အိုင်ဗွီပိုး ပိုင်းရပ်စ်အတွက် သွေးစစ်ဆေးရန်တို့ ဖြစ်ပါတယ်။

အဲဒီနောက် ဆရာမကြီးဆီ အဖြေပြန်ရောက်လာပါတယ်။ အဖြေကတော့ ဟီမိုဂလိုဘင် ၆ ဒသမ ၅ ဂရမ်သာ ရှိသည်။ ESR မြင့်တက်နေသည်။ အိတ်ချ်အိုင်ဗွီ ပဋိပစ္စည်းတွေ့သည် (HIV+) ဆိုပြီး ဖော်ပြနေပါတယ်။

**နီနီမွန်ထွေးနှင့် သူ့ရဲ့အိမ်ထောင်ရေး**

ဆရာမကြီးဟာ အိတ်ချ်အိုင်ဗွီ ပေါ့စစ်တစ်အဖြေရခဲ့ပြီဖြစ်တဲ့အတွက် မနီနီမွန်ထွေးရဲ့ အိမ်ထောင်ရေးအခြေအနေကို မမေးမဖြစ် မေးရပါတော့တယ်။ အဲဒီအခါ မနီနီမွန်ထွေးကလည်း သူ့ရဲ့ အိမ်ထောင်ရေးအခြေအနေကို မကွယ်မဝှက် ဖွင့်ဟပြောကြားခဲ့ပါတယ်။

သူဟာ အသက် ၂၆ နှစ်အရွယ်မှာ သူ့ထက်ငယ်တဲ့ အသက် ၁၉ နှစ်အရွယ်ကောင်လေးတစ်ယောက်နဲ့ ဦးစွာ အိမ်ထောင်ကျခဲ့ပါတယ်။ အိမ်ထောင်သက် ကိုးနှစ်ရှိလာတော့ သားယောကျ်ားလေး နှစ်ယောက် ထွန်းကားပါတယ်။ သားအငယ်လေး သုံးနှစ်သားအရွယ်မှာ သူ့ရဲ့ယောကျ်ားဆုံးသွားပါတယ်။ ဆုံးရခြင်းအကြောင်းက အဆုတ်မှာ တီဘီအဆုတ်နာရောဂါနဲ့ တဖြည်းဖြည်းပိန်ချုံးပြီး သေဆုံးသွားခဲ့ရတာလို့ ပြောပါတယ်။

သူ့ယောကျ်ားဟာ အလုပ် အတည်တကျမရှိဘဲ ခေတ်ပေါ်ပွဲစားတစ်ဦးဖြစ်ပါတယ်။ လောင်းကစားလုပ်ငန်းတစ်ခုမှာလည်း အစုစပ်ပါဝင်ထားပါတယ်။ လောင်းကစားနိုင်တဲ့အခါ ပွဲစားသူငယ်ချင်းတွေနဲ့ သောက်စားပျော်ပါး တတ်လေ့ရှိပါတယ်။ ပျော်ပါးတတ်တယ်ဆိုတဲ့အထဲမှာ မိန်းမရှုင်များနဲ့ လိင်ဆက်ဆံခြင်းကိစ္စလည်း ပါဝင်မည်မှာ မလွဲပါပဲလို့ ယုံကြည်ရပါတယ်။

မနီနီမွန်ထွေးတစ်ယောက် မုဆိုးမဘဝနဲ့ တစ်နှစ်လောက်သာနေထိုင်ပြီး နောက်ထပ် အားကိုးအားထားရမယ် အထင်နဲ့ နောက်ထပ် ဒုတိယအိမ်

mgyoe.com

mgyoe.com

ထောင် ထူထောင်ခဲ့ပါတယ်။ ဒုတိယအိမ်ထောင်ယောကျ်ားလည်းပဲ သူ့ထက် အသက်ငယ်သူဖြစ်ပြီး လူပျိုတစ်ဦးဖြစ်ကြောင်း ပြောပြပါတယ်။ မနီ နီမွန် ထွေး ယောကျ်ားအရွေးတော်သူလို့ ပြောရပါမယ်။ သူ့ရဲ့ ဒုတိယအိမ်ထောင် သက်တမ်း တစ်နှစ်ကျော်ကျော်မှာတော့ ကလေးတစ်ဦး ထပ်မံထွန်းကားပြန် ပါတယ်။

သူ့ရဲ့ဒုတိယအိမ်ထောင်ယောကျ်ားဟာ အရက်မသောက်တတ်၊ ကျန်း မာရေးကောင်းမွန်ပြီး အလုပ်အကိုင်က အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ပါ တယ်။ ဒါဆိုရင် မနီနီမွန်ထွေး ရောဂါကူးစက်ခံရတာဟာ ပထမအိမ်ထောင် ယောကျ်ားဆီက ကူးစက်ခံရနိုင်တာ ထင်ရှားနေပါတယ်လို့ ဆရာမကြီး တို့ ကောက်ချက်ချပါတယ်။

အဲဒီနောက် မနီနီမွန်ထွေး ခံစားနေရတဲ့ရောဂါအကြောင်း ပွင့်ပွင့်လင်း လင်းဆွေးနွေးပြီး နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအလုပ်လုပ်ရပါတော့တယ်။ သူဟာ အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါအကြောင်း အနည်းငယ် လောက် ကြားဖူးနေကြောင်း ပြောပါတယ်။ ဒါနဲ့ သူ့ရဲ့ လက်ရှိခင်ပွန်းကို လည်း အိတ်ချ်အိုင်ဗွီအကြောင်း သိရှိနားလည်စေဖို့နဲ့ ဆက်လက်မကူးစက် စေဖို့၊ အနေအထိုင်ဆင်ခြင်ဖို့၊ လိင်ဆက်ဆံခြင်းမှာ ကြိုတင်ကာကွယ်နိုင် စရာတွေ လိုက်နာဖို့စတဲ့ ပညာပေးအစီအစဉ်တွေကို လက်ကမ်းစာစောင် အနေနဲ့ ပေးပို့လိုက်ကြောင်း မှတ်တမ်းမှာ ဖော်ပြထားပါတယ်။

အိမ်ထောင်နှစ်ဆက်ကျပင်ကျငြားသော်လည်း တချို့အမျိုးသမီးတွေ ဟာ ဒီလိုရောဂါဟာ ယောကျ်ားဆီကတစ်ဆင့် ကူးစက်နိုင်တာ သိပ်မသိ ကြသေးပါဘူး။ တချို့ဆို အိတ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ရောဂါအကြောင်း အရှင်းမသိသေးတဲ့သူတွေတောင် ရှိနေပါသေးတယ်။ မိန်းမတွေဟာ ကိုယ့် စားဝတ်နေရေးနဲ့ကိုယ် ရုန်းကန်နေရတော့ အဲဒါကို အာရုံထဲ မထည့်နိုင်ကြ ဘူးပေါ့။

## အိတ်ချ်အိုင်ဗွီ ကူးစက်မှု ကြိုတင်သိရှိနိုင်ရေး

အိတ်ချ်အိုင်ဗွီပိုင်းရပ်စ်ပိုး ကူးစက်မှုကို စောစောစီးစီး သိရှိနိုင်ဖို့ အရေး ကြီးပါသည်။ စောစောသိခြင်းအားဖြင့် ကြိုတင်လုပ်ဆောင်စရာတွေ လက်

mgyoe.com

mgyoe.com

ဦးအောင် ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဘယ်လိုတွေ ကြိုတင်ဆောင်ရွက်နိုင်တယ်ဆိုတာ ဆရာမကြီးက အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

- ပိုးကူးစက်ကြောင်း စောစောသိလိုက်ရတာနဲ့အမျှ ကုသမှုကို စောစောပေးနိုင်ပြီး ဗိုင်းရပ်စ်အရေအတွက် တိုးပွားမှုကို ဟန့်တားထားနိုင်ပါတယ်။
- ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS) အဖြစ်သို့ တိုးတက်ဖြစ်ပွားသွားခြင်းကို နှေးကွေးသွားစေနိုင်ပါတယ်။
- အခါအခွင့်ကို ချောင်းမြောင်းနေတဲ့ အခြားကူးစက်တတ်တဲ့ ကူးစက်ရောဂါပိုးတွေ ဝင်ရောက်ကူးစက်ခြင်းကိုလည်း သတိပေးရာကျပြီး ကာကွယ်ထားနိုင်တဲ့ ကုသမှုတွေ ပေးနိုင်ပါတယ်။
- အမျိုးသမီးတွေအနေနဲ့ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်မှုကို စောစောသိလိုက်ရခြင်းအတွက် အရေးအကြီးဆုံး အကျိုးသက်ရောက်မှုကတော့ ကိုယ်ဝန်ဆောင်တွေအတွက် သန္ဓေသားနဲ့ မွေးကင်းစကလေးငယ်သို့ ကူးစက်နိုင်ချေကို ကာကွယ်နိုင်ပါတယ်။ အချိန်ကိုက်ပြီးတော့ ဇီဒိုဗျူဒင်း (Zidovudine) ဆေးကုသချက်ပေးခြင်းအားဖြင့် မွေးကင်းစကလေးသို့ ကူးစက်မှုအန္တရာယ်ကို သုံးပုံနှစ်ပုံအထိ လျော့နည်းသွားစေနိုင်ပါတယ်။ ဗိုက်ခွဲစိတ်မွေးဖွားခြင်းဖြင့် ပေါင်းစပ်လိုက်ပါက ပိုပြီး အကျိုးဖြစ်ထွန်းစေပါတယ်။
- နောက်ဆုံးမှာ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်နေတဲ့ လူနာတွေကို အန္တရာယ်ရှိတဲ့ အပြုအမူများ ပြောင်းလဲသွားစေဖို့ ပညာပေးခြင်းဖြင့် တခြားသူများသို့ ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းသွားစေနိုင်ပါတယ်။

အဲဒီအချက်တွေက ပိုးကူးစက်ခံရခြင်း စောစောသိတဲ့သူတွေအတွက် အကျိုးရှိစေမယ့် ဆောင်ရွက်စရာတွေပါ။

အိမ်ထောင်ရှင်အမျိုးသမီးတွေရဲ့ ပိုးကူးစက်ခံရခြင်းတွေဟာ မိမိတို့ ခင်ပွန်းယောကျ်ားတွေကတစ်ဆင့် လိင်ဆက်ဆံခြင်းကြောင့် ကူးစက်ခံနေရတယ်ဆိုတာ အရေအတွက်များကြပါတယ်။ အိမ်ထောင်သည်မို့ ခင်ပွန်းနဲ့ လိင်ဆက်ဆံခြင်းကင်းပြီး နေရအောင်ကလည်း မဖြစ်နိုင်ပါဘူး။ အမျိုး

mgyoe.com

m g y o e . c o m


သမီးအများစုဟာ မိမိတို့ခင်ပွန်းတွေရဲ့ နောက်ကွယ်က အမူအကျင့်တွေကို ယုံကြည်ရင်း စွဲစိတ်နဲ့ ဒီအတိုင်းပဲ ထားတတ်ကြပါတယ်။ အဲဒီမှာ လိင်ဗဟုသုတနည်းပါးသူ၊ ကျန်းမာရေးအသိအမြင် ခေါင်းပါးသူကတော့ တစ်ချက်မထိ တစ်ချက်ထိတော့တာပါပဲ။

တချို့ယောကျ်ားတွေဟာ ကိုယ့်မှာ ထိမှန်းမသိတောင် မသိလိုက်ဘဲ ကိုယ့်ဇနီးသည်ကိုပါ တစ်ပါတည်း တွဲခေါ်သွားတဲ့အဖြစ်တွေ ဖြစ်နေကြတာပါ။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ လူနာတွေမှာ အတွေ့ရများတဲ့ လက္ခဏာတွေအကြောင်း ဆရာမကြီး ဖော်ပြထားတာကို တင်ပြပါဦးမည်။ အများဆုံးတွေ့ရတဲ့ လက္ခဏာတစ်ခုက ကန်ဒီဒါမှို ကူးစက်မှုဖြစ်ပါတယ်။

## ကန်ဒီဒါမှို ကူးစက်မှု

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူ ၉၀ ရာခိုင်နှုန်းကျော်မှာ ကန်ဒီဒါမှိုကူးစက်မှု အစပြုသော လက္ခဏာတွေ့ရပါတယ်။ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်နဲ့ ဆက်နွယ်နေတဲ့ လက္ခဏာများအဖြစ် အစာမျိုပြွန်နဲ့ ယောနိ (သားမွေးလမ်းကြောင်း)မှာ ကန်ဒီဒါမှိုကူးစက်မှုဟာ အမျိုးသမီးများမှာ ၄၀ ရာခိုင်နှုန်းမျှ ရှိပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါကြောင့် မကျန်းမာမှုဖြစ်လာရာမှာ အစာမျိုပြွန်ကန်ဒီဒါမှို ကူးစက်ခြင်းဟာ အမျိုးသမီးတွေမှာ ကြိမ်ဖန်များစွာ တွေ့ရတယ်လို့ လေ့လာချက်တွေက ဆိုပါတယ်။

လက္ခဏာတွေကတော့ အစာမျိုရခက်ခဲခြင်းနဲ့ ရင်ဘတ်အရိုးပြားနောက်ဘက်မှာ ပူစပ်ပူလောင် ခံစားရခြင်းတို့ပါဝင်ပါတယ်။ ခံတွင်းအရသာလည်း ပျက်တတ်ပါတယ်။ ယောနိမှာ ကန်ဒီဒါမှိုကူးစက်မှုမှာ အမျိုးသမီးတွေ အများဆုံးတွေ့ရတတ်ပါတယ်။ မကြာခဏဆိုသလို ပြန်ဖြစ်တတ်တဲ့ မိန်းမအင်္ဂါစပ် ယောနိမှိုကူးစက်ရှိသူတိုင်းကို သွေးအတွင်း အိတ်ချ်အိုင်ဗွီပဋိပစ္စည်းများအတွက် စစ်ဆေးသင့်ပါတယ်။ ဆီးချိုသွေးချိုရောဂါနဲ့ ပဋိဇီဝ (သို့မဟုတ်) စတီးရွိုက်ဆေးတွေ သောက်သုံးနေရခြင်းကြောင့်လည်း ပါးစပ်နဲ့ အာခေါင်မှာ ကန်ဒီဒါမှို ကူးစက်နိုင်ပါတယ်။ ဒါကိုလည်း သတိပြုစရာ ထည့်သွင်းစဉ်းစားဖို့ မမေ့ရန် အထူးအရေးကြီးပါတယ်။

mgyoe.com

mgyoe.com

**ပါးစပ်အတွင်း ထူထဲသော အဖြူကွက်များဖြစ်ခြင်း**

အိတ်ချ်အိုင်ဗွီကူးစက်ခံရသူမှာ ပါးစပ်အတွင်း ထူထပ်ပြီး ဖြူနေတဲ့ အကွက်တွေ တွေ့ရနိုင်ပါတယ်။ ကြွက်နို့၊ ဒါမှမဟုတ် ချည်ကြိုးမျှင်ကဲ့သို့ ပြားနေတဲ့အရာတွေကို လျှာရဲ့ဘေးတစ်ဖက်တစ်ချက်မှာ တွေ့ရနိုင်ပါတယ်။ အက်ပ်စတိန်းဘား ဗိုင်းရပ်စ် (Epstain Barr Virus) ကြောင့် အက်ပီသီလီယမ် ထူထပ်ခြင်းဖြစ်လာကြောင်း ယုံကြည်ကြတယ်လို့ ဖော်ပြထားပါတယ်။

**အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူ၏ သွင်ပြင်လက္ခဏာများ (၁)**

အိတ်ချ်အိုင်ဗွီကူးစက်ခံရတယ်ဆိုတဲ့ အမျိုးသမီးတွေမှာ ရေယုန်ဖြစ်ခြင်းကို အများအပြားတွေ့ရပါတယ်လို့ ဆရာမကြီးက ရေးသားထားပါတယ်။

"အိတ်ချ်အိုင်ဗွီကူးစက်ခံရသူ၏ နှုတ်ခမ်းတွင် ရေယုန်ဖြစ်ခြင်းကို အများအပြားတွေ့မြင်ရပါလိမ့်မည်။ ခုခံအားကျဆင်းမှု ဆိုးရွားလာသောအခါတွင် ရေယုန်အနာအဆာများကို ပါးစပ်၊ အစာမျိုပြွန်နှင့် အစာအိမ်အူလမ်းကြောင်း အောက်ပိုင်းတွင် အနာဖြစ်ခြင်းနှင့် ပွန်းနာများ ဖြစ်စေနိုင်ပါသည်။ သွေးအတွင်း အိတ်ချ်အိုင်ဗွီပဋိပစ္စည်းများရှိနေသော အမျိုးသမီးများတွင် မိန်းမအင်္ဂါဇာတ်တွင် ရေယုန်ဖြစ်ပွားခြင်းကို မကြာခဏ မြင်နေရသည်။ အကယ်၍ ရေယုန်အနာအဆာများသည် ဖြစ်မြဲအတိုင်းမဟုတ်ဘဲ ကြိမ်ဖန်များစွာဖြစ်နေခြင်း၊ အနာအဆာမှာ၊ အထူးသဖြင့် ကြီးမားကျယ်ပြန့်နေခြင်း၊ ရှင်းလင်းပျောက်ကင်းရန် နှေးကွေးနေခြင်းတို့ ဖြစ်နေမည်ဆိုပါက အိတ်ချ်အိုင်ဗွီကူးစက်နေခြင်း ဖြစ်နိုင်ကြောင်း အလံနီပြနေပြီဖြစ်သည်။ မျိုးပွားအင်္ဂါနှင့် စအိုနာအဆာများသည် ထပ်ဆင့် ဘက်တီးရီးယားပိုးဝင်ရောက်ကူးစက်ခြင်းကြောင့် မူမမှန်ပြွန်ကဲ့သို့ လမ်းကြောင်းကလေးများ (Fistulae) ဖြစ်ပေါ်လာနိုင်သည်။

"အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် ကူးစက်ခံနေရသော လူနာ ၂၀ ရာခိုင်နှုန်းတွင် အရေပြား၏ ဆင်ရေယုန်များ (Herpes Zoster) အနံ့အပြားဖြစ်ပွားနေကြောင်း တွေ့ရသည်" လို့ ရေးထားတာ ဖတ်ရပါမယ်။

mgyoe.com

mgyoe.com



နောက်ထပ်တွေ့ရနိုင်တဲ့ လက္ခဏာတွေကိုလည်း ဆရာမကြီး ရှင်းပြထားပါသေးတယ်။ အဆီကျိတ်များကနေ မူမမှန်တဲ့ စိမ့်ထွက်ရည်ကြောင့် ဖြစ်ရတဲ့ အရေပြားရောင်ရမ်းခြင်းလက္ခဏာဖြစ်နိုင်သေးတဲ့အကြောင်းကို–

"အနီရောင်သမ်းနေသည်၊ အကြေးထူသော ပြားချပ်ချပ်အနာအဆာများသည် ဦးရေခွံ၊ မျက်ခုံးမွေး၊ နှာခေါင်းနှင့် ပါးစပ်ပတ်လည်နေရာများနှင့် နားရွက်နောက်ဘက်တွင် ဖြစ်ပေါ်သည်။ တခြားလူများတွင် ယင်းသို့လက္ခဏာများ ဖြစ်ပေါ်တတ်သော်လည်း အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားသူများတွင် ပိုမိုပြင်းထန်စွာ ခံစားကြရသည်။ ဖြစ်ပွားမှုမှာ အိတ်ချ်အိုင်ဗွီ ကူးစက်ခံထားရသူတို့တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည်" လို့ ဆိုထားပါတယ်။

နောက်လက္ခဏာတစ်ခုကတော့ နာတာရှည် အကြေးခွံဖြစ်စေတဲ့ ရောင်ရမ်းခြင်းရောဂါ (Psoriasis) ဆိုရီယေးဆစ်လက္ခဏာဖြစ်ပါတယ်။ ဒီလက္ခဏာအကြောင်း ရှင်းပြရာမှာ–

"ဒူး၊ တံတောင်ဆစ်၊ ဦးရေခွံ၊ လက်ဖဝါးနှင့် ခြေဖဝါးများတွင် တွေ့ရသည်။ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်ခံနေရသူများတွင် လက်သည်းများပေါ်၌ ကျယ်ပြန့်စွာ ဖြစ်ပွားနေသည်ကို တွေ့မြင်ရသည်။ လူနာတစ်ဦးတွင် ပထမဦးဆုံး ယင်းအရေပြားရောဂါမှာ ဖြစ်ပေါ်လာတတ်သော်လည်း (သို့မဟုတ်) ရောဂါလက္ခဏာများ အပြောင်းအလဲမရှိ တည်မြဲပြီး အရေပြားရောဂါနေရာမှ ရတ်ခြည်းဆိုသလို ထိုးဆွပေးလိုက်သကဲ့သို့ အခြေအနေဆိုးရွားလာပြီဆိုလျှင် ရောဂါဖော်ဆောင်ရာ၌ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် အရေပြားရောဂါ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ သတိပြုရမည်ဖြစ်သည်" လို့ ဆိုထားပါတယ်။

အိတ်ချ်အိုင်ဗွီကူးစက်ခံထားရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သေးတဲ့လက္ခဏာတွေထဲမှာ အရေပြားပေါ်မှာ အရည်တည် အဖုကလေးတွေ ဖြစ်ပေါ်လာတတ်ခြင်းလည်း ပါဝင်ပါတယ်။ အဲဒီ လက္ခဏာတွေအကြောင်းလည်း ဆရာမကြီး ရေးသားဖော်ပြထားပါသေးတယ်။ အဲဒီလက္ခဏာကိုတော့ မာပြီးဝိုင်းတဲ့ အရည်တည် အဖုကလေးများဖြစ်တတ်တဲ့ အရေပြားရောဂါလို့ ဆိုထားပါတယ်။

mgyoe.com